မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပရာတီဘာ ပတေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်မိုက်ကယ်ဂျက်ဖရီ (အငြိမ်းစား)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၈ခုနှစ် ဇန်နဝါရီ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ် အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပန်ဆောင်မြို့နောင်ယန်းခန်းမ၌ ဒေသခံတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းနှင့် အဝတ်အထည်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ထူးခြား မိုးရေချိန်

မချမ်းဘော	၀ ဒသမ ၇၁ လက်မ
ပူတာအို	၀ ဒသမ ၅၁ လက်မ
ဟုမ္မလင်း	၀ ဒသမ ၄၃ လက်မ

သဘာဝကပေးထားသည့် သယံဇာတ အခြေခံကောင်းများ လက်တွေ့ကျကျအသုံးချ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ်အောင်မြင်အောင် အမြဲကြိုးစားလုပ်ကိုင်

နေပြည်တော် ဇန်နဝါရီ ၂၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မြစ်ကြီးနားမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး နံနက်၁၀နာရီခွဲတွင် တနိုင်းမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

နန်းယွန်းမြို့ ရောက်ရှိ

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၁နာရီ မိနစ်၂၀တွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် နန်းယွန်းမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်)

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ပေးနေ

နိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်း ဒေသအားလုံး လွှမ်းခြုံဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကြိုးပမ်းခဲ့သည်။

အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု၌ တစ်ခုအပါအဝင်ဖြစ်သည့် ဗန်းမော်ဒေသတွင် တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံတို့ကို အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့သည်။

ယခုအခါ ဗန်းမော်ဒေသသည် ရေကြောင်းလမ်းတစ်ခုတည်းကိုသာမက မန္တလေး-တကောင်း-ဗန်းမော်ကားလမ်းနှင့် မန္တလေး-လားရှိုး-ဗန်းမော်ကားလမ်းတို့ကိုပါ ဖောက်လုပ်ပေးနိုင်ခဲ့ပြီး မူလလေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ဧရာဝတီအနောက်ဘက်ခြမ်းတွင် ကသာမှဗန်းမော်အထိ ရထားလမ်းဖောက်လုပ်နေပြီ ဖြစ်သည်။

စားနပ်ရိက္ခာစိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ သီးနှံမျိုးစုံနှင့် သားငါးများ ပေါများပြည့်စုံလျက်ရှိသဖြင့် ဒေသဝမ်းစာ ဆန်စပါးဖူလုံရေး ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

ယခုကဲ့သို့ နယ်စပ်ဒေသများ၌ လူမှုစီးပွားအခြေခံအဆောက်အအုံများ သိသာစွာ ပေါ်ထွန်းလာပြီး ဖွံ့ဖြိုးစည်ပင်သာယာနေခြင်းသည် ဒေသ၏တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားချင်း ရင်းနှီးချစ်ကြည်စည်းလုံးမှု၊ ယုံကြည်ကိုးစားမှု စသည့် အခြေခံကောင်းများကြောင့်ဖြစ်၍ ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်က နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများစွာကို တိုးချဲ့တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်မြင့်မားလာနေပြီ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောင်းစာရေးတိုက်နယ်အသင်း(ရန်ကုန်)သို့ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၅

ကျောင်းစာရေးတိုက်နယ်အသင်း(ရန်ကုန်)အား ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နာရေးကိစ္စများတွင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် နှစ်ဖက်မိဘများအားရည်စူး၍ ဦးသိန်းနိုင်-ဒေါ်မိုးမိုးညွန့်မိသားစု အမှတ်၁/၂ ဗိုလ်မှူးဗထူးလမ်း ၄၈ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်က ထာဝရငွေပဒေသာပင်အဖြစ် ငွေကျပ်တစ်သိန်းကို ဩဝါဒါစရိယ နာယကဆရာတော် ရှေ့မှောက်တွင် အမှုဆောင်အဖွဲ့အား လှူဒါန်းရာ ဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် အမှုဆောင်များက လက်ခံယူကြသည်။**(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါကျောင်းစာရေးတိုက်နယ်အသင်း(ရန်ကုန်)သို့ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုပါက အလှူရှင်များအနေဖြင့် ကျောင်းစာရေးတိုက်နယ် အသင်း ဖုန်း-၅၆၄၃၆၀နှင့် ၀၉-၅၁-၅၁၅၁၄တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

အရှင်ဇဝန(ပဲခူး)၏ ဓမ္မသဘင်များ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏာ စံရိပ်ငြိမ်ကျောင်း ဆရာတော် အရှင်ဇဝန(ပဲခူး)အရှင်မြတ်သည် ဇန်နဝါရီ ၂၆ရက်တွင် ကော့မှူးမြို့နယ် ဖိုးတုတ်ရွာ မလွန်ဆန်လှူ၊ ၂၇ရက်နှင့်၂၈ရက်တွင် ၄က်ကြီးဒေါင်ရွာ မလွန်ဆန်လှူ၊ ၂၉ရက်နှင့် ၃၀ရက်တွင် ကျုံမငဲ့ရွာ မလွန်ဆန်လှူ၊ ၃၁ရက်တွင် ပုဇွန်တောင် အမှတ်(၅)သံဃဒါနအသင်း ဆွမ်းအောင်ပွဲ၊ ဖေဖော်ဝါရီ ၁ရက်နှင့် ၂ရက်တွင် ရွာသစ်ရွာ မလွန်ဆန်လှူ၊ ၃ရက်တွင် အောင်လံမြို့နယ် ပြလို့စံပြကျေးရွာ ရွှေမုဋ္ဌောဘုရားပွဲ၊ ၅ရက်နှင့်၆ရက်တွင် ကျိုက်ထော်(တောင်)မလွန်ဆန်လှူ၊ ၇ရက်တွင် သုဝဏ္ဏာကောက်လျင်လမ်း တနင်္ဂနွေဓမ္မာရုံ၊ ၉ရက်နှင့် ၁၀ရက်တွင် အလယ်ချောင်းရွာ မလွန်ဆန်လှူ၊ ၁၁ရက်တွင် ဝဲဒေါင့်ရွာ မလွန်ဆန်လှူ၊ ၁၂ရက်တွင် ဒလမြို့ နှစ်ကျိပ်ရှစ်ဆူပွဲ၊ ၁၃ရက်နှင့်၁၄ရက်တွင် ကျုံကျိုက်ရွာ မလွန်ဆန်လှူ၊ ၁၅ရက်တွင် သာကေတ မြစေတီ၊ ၁၆ရက်နှင့် ၁၇ရက်တွင် ပျဉ်းကတိုးရွာ မလွန်ဆန်လှူ၊ ၁၈ရက်တွင် ရေကျော်ရွာ မလွန်ဆန်လှူ၊ ၁၉ရက်တွင် ကျိုက်ဝိုင်း ဒက္ခိဏာရုံ၊ ၂၁ရက်တွင် မင်လွင်ကုန်းရွာ မိုးသောက်ကြယ်မိသားစု ဘုရားထီးတင်ပွဲ၊ ၂၂ရက်နှင့် ၂၃ရက်တွင် ရဲမွန်တပ်ဦးကျောင်း သာမဏေကျော် ဆုနှင်းသဘင်၊ ၂၄ရက်တွင် ကဝမြို့နယ် မကြက်ကြီးရွာ မလွန်ဆန်လှူ၊ ၂၆ရက်တွင် ရမည်းသင်းမြို့နယ် ပျားစည်ရွာ ဓမ္မာစရိယပူဇော်ပွဲ၊ ၂၇ရက်တွင် ကော့မှူးမြို့နယ် ဆပ်ချောင်ရွာ အိမ်တက်မင်္ဂလာ၊ ၂၈ရက်နှင့် ၂၉ရက်တွင် ကန်သုံးကန်ရွာ မလွန်ဆန်လှူ၊ မတ် ၁ရက်တွင် ညောင်လေးပင်မြို့ ဒေါ်အေးမင်း နှစ်(၆၀)ပြည့်မွေးနေ့၊ ၂ရက်တွင် ဖရုံချောင်ရွာ မလွန်ဆန်လှူ၊ ၃ရက်နှင့်၄ရက်တွင် အပေါင်မြို့နယ် ဇင်းကျိုက်ရွာ၊ ၅ရက်နှင့် ၆ရက်တွင် ညောင်ပင်သာရွာ မလွန်ဆန်လှူ ဓမ္မသဘင်တို့၌ တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ရာ ဖုန်း-၀၁-၇၀၉၆၀၈ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၆-၁-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တစ်ဦးတည်းသောသား** (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင် လူမင်း၊ ထွန်းအိန္ဒြာဗို၊ ခင်သန်းနု
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၅။	မျိုးချစ်တပ်မတော်
၄း၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၇။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၆၅)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	လူရွှင်တော်ရွှေဖလား
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	FA Cup 2008 ဘောလုံးပွဲအစီအစဉ် Wigan Vs Chelsea (Live)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား မလေးရှားနိုင်ငံသံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dato Mazian Bin Muhammad သည် ဇန်နဝါရီ၂၃ရက် ညနေပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီး ဆရာဝန်များအဖွဲ့ နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ ယင်းနှစ်ပတ်လည် အစည်းအဝေးသို့ အမျိုးသမီး ဆရာဝန်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

ပစ္စည်းများ ပေးအပ်

ဇန်နဝါရီ ၂၀ရက်က ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်း ဦးစီးဌာန ရုံးချုပ်ခန်းမကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆည်မြောင်း ဝန်ထမ်းဟောင်းများအသင်း(၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကျင်းပရာ ကန်တော့ခံသက်ကြီးများအား ကန်တော့ငွေနှင့် ပစ္စည်းများ ပေးအပ်စဉ်။ (က-ပ)

အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့က ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၃ရက်မှ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၂ရက်အထိ ကျင်းပခဲ့သော အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေနှင့် အာဂုံပြန်စာမေးပွဲတို့တွင် အောင်မြင်ကြသည့် ပုဂ္ဂိုလ်များစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်။

(ယမန်နေ့ကအဆက်)

အာဂုံပြန်အောင်စာရင်း

အဘိဓမ္မပိဋက၊အဘိဓမ္မာပထမပိုင်း ငါးကျမ်း အာဂုံအောင်

မူလအာဘိဓမ္မိက (၂)ပါး

၁။ ပလ္လင်အမှတ် (၂) အရှင်ဇဋိလ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ် (၃) အရှင်စန္ဒန အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

သုတ္တန္တပိဋက၊ဒီဃနိကာယ်သုံးကျမ်း အာဂုံအောင်

ဒီဃဘာဏက (၂)ပါး

၁။ ပလ္လင်အမှတ်(၆) အရှင်ဝိစိတ္တသာရ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ်(၇) အရှင်အာစိဏ္ဏ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယ် ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

ဝိနယပိဋက၊ဝိနည်းဒုတိယပိုင်း သုံးကျမ်း အာဂုံအောင်

ဝိနယဓရ (၂၅)ပါး

၁။ ပလ္လင်အမှတ် (၉) အရှင်ဇာနေယျ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ၊ မော်ကျွန်းပရိယတ္တိစာသင်တိုက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ် (၁၄) အရှင်ဣန္ဒက အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ်(၁၆) အရှင်ဉာဏမဉ္ဇူ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၄။ ပလ္လင်အမှတ်(၁၇) အရှင်သေဋ္ဌဉာဏာလင်္ကာရ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ပလ္လင်အမှတ်(၁၈) အရှင်ဓမ္မာနန္ဒ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ ဓမ္မဝိဟာရပရိယတ္တိစာသင်တိုက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၆။ ပလ္လင်အမှတ်(၁၉) အရှင်ဉာဏဝရ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ၊ လက်ပန်ပင်ကျောင်း၊ ကဲဘာရွာ၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၇။ ပလ္လင်အမှတ်(၂၀) အရှင်မင်္ဂလာစာရ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။

၈။ ပလ္လင်အမှတ်(၂၂) အရှင်အာစာရ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၉။ ပလ္လင်အမှတ်(၂၃) အရှင်ပဇ္ဇလိတ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၀။ ပလ္လင်အမှတ်(၂၄) အရှင်ဝေပုလ္လ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၁။ ပလ္လင်အမှတ်(၂၅) အရှင်စက္ကိန္ဒာလင်္ကာရ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၁၂။ ပလ္လင်အမှတ်(၂၉) အရှင်ကေလာသ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၁၃။ ပလ္လင်အမှတ်(၃၁) အရှင်မဏိဇောတာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ သစ်တိုကျွန်းကျောင်း၊ သစ်တိုကျွန်းရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၁၄။ ပလ္လင်အမှတ်(၃၅) အရှင်တေဇနိယျ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၅။ ပလ္လင်အမှတ်(၃၆) အရှင်ကောသလ္လ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်း။

၁၆။ ပလ္လင်အမှတ်(၃၉) အရှင်နန္ဒိယ၊ အသက်(၂၉)နှစ်၊ သိက္ခာတော်(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၇။ ပလ္လင်အမှတ်(၄၀) အရှင်တေဇောဘာသ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကမဟာဂန္ဓာဝင်နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၁၈။ ပလ္လင်အမှတ်(၄၂) အရှင်ပဏ္ဍုဝံသ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၉။ ပလ္လင်အမှတ်(၄၃) အရှင်သုစိတ္တာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၀။ ပလ္လင်အမှတ်(၄၇) အရှင်အဂ္ဂရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း (ဝိသိဋ္ဌဝိနယဓရ)

၂၁။ ပလ္လင်အမှတ်(၄၈) အရှင်ပညာဇောတ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ပလ္လင်အမှတ်(၅၀) အရှင်ဇယသေန အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ ဇေယျသုခ ဘ/က ပညာရေးကျောင်း၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၃။ ပလ္လင်အမှတ်(၅၁) အရှင်ဇောတိဿရာလင်္ကာရ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၂၄။ ပလ္လင်အမှတ်(၅၂) အရှင်ပဏ္ဍိစ္စ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ ကျိုက္ကလှဲ့မင်းကျောင်း ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ပလ္လင်အမှတ်(၅၇) အရှင်ခေမာနန္ဒာလင်္ကာရ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ ပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

(ဆက်လက်ဖော်ပြပါမည်)

သဉ္ဉါရကို သိမြင်ဆင်ခြင်ပါ

လူမိုက်တို့သည် ဤလောက၌ မိမိတို့ အမြဲမနေ၊ သေရဦးမည်ကို မအောက်မေ့၊ မဆင်ခြင်ဘဲ ခိုက်ရန်ပွားကုန်၏။

ပညာရှိတို့သည်ကား မိမိတို့ အမြဲမနေ၊ သဉ္ဉါရကို သိမြင်ဆင်ခြင်ကြ၍ သူမိုက်တို့ကိုမတုဘဲ ခိုက်ရန်ငြိမ်းအောင် ပြုမူနေထိုင်ကြကုန်၏။

(ဓမ္မပဒ ၆)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းအား ယင်းဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဗိုလ်မှူးကြီးတင်စိုး ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ)	ဦးမင်းလွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ကြီးရုံး နိုင်ငံခြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ဂ)	ဒေါက်တာမြအေး ဒုတိယပါမောက္ခချုပ် မန္တလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မန္တလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၈ခုနှစ် ဇန်နဝါရီ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးမစ္စတာ ပရာနာ့ဗ်မူခါဂျီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း သြစတြေးလျနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၈ခုနှစ် ဇန်နဝါရီ၂၆ ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာစတီဖင်စမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇–၁–၂၀၀၈)ရက်နေ့

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၀–၂–၂၀၀၈) ရက်နှင့် (၂၄–၂–၂၀၀၈) ရက်နေ့

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ကျော် ထုတ်လုပ်ပေးမည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တောင်ကိုရီးယား၌ဖွင့်

ဆိုးလ် ဇန်နဝါရီ ၂၅

တောင်ကိုရီးယားနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်လာမှုကို အကြောင်းပြု၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်မည့် နိုင်ငံ၏အကြီးဆုံးနှင့် အားအကောင်းဆုံး နေရောင်ခြည်စွမ်းအင်သုံး စက်ရုံကြီး တည်ဆောက် အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း တောင်ကိုရီးယားသတင်းစာတစ်စောင်က ဇန်နဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြသည်။

ထုတ်လုပ်

တောင်ကိုရီးယား ကူးသန်းရောင်းဝယ်ရေး စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၏ အဆိုအရ အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို ဒေဂူးမြို့၌ တည်ဆောက်နေပြီး လျှပ်စစ်မဂ္ဂါဝပ် ၃၀ ကျော် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၂ ရက်က ပြောကြားသည်။

အကောင်အထည်ဖော်

အဆိုပါနေရောင်ခြည် စွမ်းအင်သုံး စက်ရုံ၏ ပထမဆင့်ကို ၂၀၀၃ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ဓာတ်အားစတင် ထုတ်လုပ်ပေးလျက်ရှိသည်။

ယင်းနေရောင်ခြည်စွမ်းအင်သုံး စက်ရုံသည် ယခုနှစ်တွင် ဓာတ်အား ဝမ်ငွေ ဘီလီယံ ၆၀ ဖိုး(အမေရိကန်ဒေါ်လာ ၆၃ သန်း)ရောင်းချနိုင်ရန် ၎င်းဝန်ကြီးဌာနက ခန့်မှန်းထားသည်။

၎င်းနေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ နေအိမ် ၁၂၀၀၀ သို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကိုပါကာဘာနာကမ်းခြေ

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ ကိုပါကာဘာနာ ပင်လယ်ကမ်းခြေ တစ်နေရာကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နျူးစွမ်းအင်ထုတ်လုပ်ရေးရပ်သိမ်းရန် ဖိအားပေးမှု မည်သည့်ပိတ်ဆို့ရေးနည်းမှု အီရန်ကို မတားဆီးနိုင်

တီဟီရန် ဇန်နဝါရီ ၂၅

အနောက်အင်အားကြီးနိုင်ငံက ဗုံးလုပ်ရန် ရည်ရွယ်သည်ဟု သံသယဖြင့် တားမြစ်ရန်ကြိုးစားခဲ့သည့် အီရန်၏ နျူကလီးယားအစီအစဉ်ကို မည်သည့်နိုင်ငံတကာ ပိတ်ဆို့မှုကမျှ တားမြစ်အရေးယူနိုင်မည်မဟုတ်ကြောင်း ဇန်နဝါရီ ၂၃ ရက်တွင် အီရန်က ပြောကြားခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် သဘာဝကျပြီး တရားမျှတသော အခွင့်အရေးအရ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ ပိတ်ဆို့အရေးယူမှုနည်းသစ်သည် မိမိတို့၏ အစီအစဉ်ကို အကျိုးသက်ရောက်မှုရှိမည် မဟုတ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဂိုလမ်ဟော့စိန်းအယ်လ်ဟမ်က သတင်းစာ ရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဇန်နဝါရီ ၂၂ ရက်က ကမ္ဘာ့အင်အားကြီးနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ယင်းအစည်းအဝေးသည် နျူကလီးယား အစီအစဉ်ကို ဖျက်သိမ်းရန် ငြင်းဆိုခဲ့သည့် အီရန်ကို အရေးယူမှုပြုလုပ်ရန် ကျင်းပသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ တတိယမြောက် အစည်းအဝေး ဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကင်ညာခရီးသွားလုပ်ငန်း အကြမ်းဖက်မှုကြောင့်ထိခိုက်

နိုင်ရိုဘီ ဇန်နဝါရီ ၂၅

ကင်ညာ နိုင်ငံ၌ ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ခရီးသွားလုပ်ငန်းကို ထိခိုက်နေကြောင်း တာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

ပါဝင်ယှဉ်ပြိုင်

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် နွေဦးရာသီ အလှမယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသူတစ်ဦးအား ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာတောအုပ် တစ်ခုအတွင်း လူသေအလောင်း ၁၆ လောင်းတွေ့ရှိ

ကိုလံဘို ဇန်နဝါရီ ၂၅

သီရိလင်္ကာနိုင်ငံ အနုရာဟာပူရဒေသရှိ အစိုးရထိန်းချုပ်ထားသော တောကြီးတစ်ခုအတွင်း၌ လူသေအလောင်း ၁၆ လောင်းကိုတွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တွေ့ရ

သေဆုံးသူများတွင် အမျိုးသမီး တစ်ဦးပါဝင်ကြောင်း၊ ကျန်သောအလောင်းများမှာ အမျိုးသားများဖြစ်ကြောင်း၊ အချို့မှာ လက်ပြန်ကြိုးတုပ်ထားသည်ကို တွေ့ရကြောင်း အဆိုပါတာဝန်ရှိသူများက ပြောကြားသည်။

ယင်းအလောင်းများ တွေ့ရှိရာ အရပ်မှာ မြို့တော်ကိုလံဘို၏ မြောက်ဘက်မိုင် ၁၇၀ ၌ တည်ရှိသော ကာဘီသီဂိုလ်လီဝါ ကျေးရွာအနီးတွင်ဖြစ်သည်ဟု ဆိုသည်။

ရှာဖွေ

အဆိုပါအလောင်းများကို လယ်သမားများက ကျွဲ၊နွားရှာဖွေရန် သွားစဉ် တွေ့ရှိခဲ့သည်ဟုဆိုသည်။ အလောင်းများတွေ့ရှိရာအရပ်၌ ကားဘီးအရာများ တွေ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

အီရတ်ရဲချုပ် ချုံခိုတိုက်ခိုက်ခံရပြီးသေဆုံး

မိုဆူးလ် ဇန်နဝါရီ ၂၅

အီရတ်နိုင်ငံ မိုလ်ဆူးမြို့၌ ပေါက်ကွဲမှုတစ်ရပ်ကြောင့်(အောက်ပုံ) **လူပေါင်း ၃၄ ဦးသေဆုံးပြီး အီရတ်ရဲချုပ်လည်း ချုံခိုတိုက်ခိုက်ခံရသဖြင့် သေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။**

ရဲချုပ် မိုဟာမက်ဟက်ဆန်သည် ယင်းနေရာမှ ထွက်ပြေးသွားပြီးနောက် သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည်ဟုဆိုသည်။

၎င်းထွက်ပြေး မောင်းနှင်သွားစဉ် မော်တော်ယာဉ်ကို ဗုံးထိမှန်ခဲ့၍ အခြားရဲအရာရှိနှစ်ဦးလည်း သေဆုံးသွားသည်ဟု ဆိုသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် လူပေါင်း ၂၀၀ ခန့် ဒဏ်ရာရခဲ့ပြီး သေဆုံးသူများ ထပ်မံတိုးပွားလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ (အင်တာနက်)

ဆေးလိပ်သောက်သုံးမှု ပေကျင်း၌ ပိတ်ပင်

ပေကျင်း ဇန်နဝါရီ ၂၅

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိဟိုတယ်များ၌ ယခုနှစ် ဩဂုတ်လ အိုလံပစ်အားကစားမတိုင်မီ လေထုညစ်ညမ်းမှု မရှိစေရန် ဆေးလိပ်သောက်သုံးခြင်းကို ပိတ်ပင်တားမြစ်ထားသည်။

ဒဏ်ရိုက်မည်

တားမြစ်ထားသော ဥပဒေအရ မေ ၁၁ ရက်ကစ၍ အကျိုးသက်ရောက်မည်ဖြစ်ပြီး စည်းကမ်းချိုးဖောက်သူများအား ယွမ် ၅၀ ဒဏ်ရိုက်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ထိုင်းတောင်ပိုင်း၌ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ပွား

ဗန်ကောက် ဇန်နဝါရီ ၂၅

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်၌ ဇန်နဝါရီ ၂၂ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်အတွင်း စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အရပ်သားနှစ်ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ မီဒီယာမှသတင်းထုတ်ပြန်သည်။

ထုတ်ပြန်

ယင်းဖြစ်ပွားမှုသည် ၎င်းနေ့ နံနက် ၁၀ နာရီခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကင်းလှည့်ယာဉ်ဖြတ်သန်းသွားစဉ် ချောင်းမြောင်း တိုက်ခိုက်ခဲ့ရာမှ အဆောက်အအုံတစ်ခု မီးလောင်သွားခဲ့ရကြောင်း သည်နေးရှင်းသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ဖော်ပြ

ထိုင်းနိုင်ငံတောင်ပိုင်းရှိ အကြမ်းဖက်သောင်းကျန်းမှု အများဆုံးဖြစ်ပွားလျက်ရှိသည့် နာရာသီဝပ်၊ ပတ္တနီနှင့် ယာလာပြည်နယ်တို့တွင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ပြည်သူ ၂၈၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

၄၂ ထပ်ရှိ မိုးမျှော်တိုက် ကမ္ဘောဒီးယား၌ တည်ဆောက်မည်

ဖနောင်ပင် ဇန်နဝါရီ ၂၅

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ပထမဆုံးသော မိုးမျှော်တိုက်ကြီး တည်ဆောက်မည်ဖြစ်ရာ တိုက်ခန်းအရောင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ မိုးမျှော်တိုက်ကြီးမှာ အမြွှာဖြစ်ပြီး အထပ်ပေါင်း ၄၂ ထပ် ရှိမည်ဖြစ်ရာ လက်ရှိအမြင့်ဆုံး အဆောက်အအုံထက် သုံးဆပိုမြင့်မည်ဟုဆိုသည်။

ယင်းမိုးမျှော်တိုက်ကြီးသည် အမြင့်ဆုံးမိုးမျှော်တိုက်သုံးလုံး တည်ဆောက်ရန် စီစဉ်ထားသည့်အနက် ပထမဆုံးသော မိုးမျှော်တိုက်ဖြစ်သည်။

တည်ဆောက်

ယခုတည်ဆောက်မည့် မိုးမျှော်တိုက်ကို ဂိုးတာဝါတူးဟု အမည်ပေးထားသည်။ ၎င်းအဆောက်အအုံကို တောင်ကိုရီးယားကုမ္ပဏီများက တည်ဆောက်လျက်ရှိသည်။

တိုးမြှင့်

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သည် အလယ်အလတ်တန်းစား နေထိုင်သူများ စီးပွားရေးတိုးတက်လာ၍ အိမ်ရာများ တိုးမြှင့်တည်ဆောက်လာကြသည်။

တိုးချဲ့

မြို့တော်၌ အဆောက်အအုံများ တိုးချဲ့တည်ဆောက်လာနိုင်ခြင်းသည် စီးပွားရေးတိုးတက်မှုကို ပြဆိုလျက်ရှိသည်။ **(အင်တာနက်)**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ တည်ဆောက်မည့် အထပ် ၄၂ ထပ်ရှိ မိုးမျှော်တိုက်ကြီး ပုံစံငယ်ကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီတလီဝန်ကြီးချုပ် ပရော့ဒီ ရာထူးမှနုတ်ထွက် နိုင်ငံရေးခေါင်းဆောင်များနှင့် သမ္မတ ဆွေးနွေးမည်

ရောမ ဇန်နဝါရီ ၂၅

အီတလီဝန်ကြီးချုပ် ရိုမာနိုပရော့ဒီ ရာထူးမှနုတ်ထွက်ပြီးနောက် အီတလီသမ္မတ နပိုလီတာအိုအနေဖြင့် အကျပ်အတည်းများ ပြေလည်ရေးအတွက် နိုင်ငံရေးခေါင်းဆောင်များနှင့် ဆွေးနွေးရတော့မည်ဖြစ်သည်။

အီတလီ အထက်လွှတ်တော်တွင် အယုံအကြည်မရှိအဆို ရှုံးနိမ့်ပြီးနောက် မစ္စတာပရော့ဒီမှာ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ရခြင်းဖြစ်သည်။

လိုလား

သမ္မတက များစွာလိုအပ်သည့် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲမှု ပြုလုပ်ရေးအတွက် ယာယီအစိုးရဖွဲ့စည်းရေးကို လိုလားသည်။

တောင်းဆို

သို့သော် အတိုက်အခံ ခေါင်းဆောင် ဘာလူစကိုနီက သူ၏ဗဟိုလက်ယာပါတီအခြေအနေကောင်းမည့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆိုလျက်ရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ စစ်သွေးကြွများအားချေမှုန်း၊ ၄၀ သေဆုံးပြီး ၃၀ ဖမ်းဆီးထား

ဝါဇီရီစတန် ဇန်နဝါရီ ၂၅

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဝါဇီရီစတန်ဒေသ၌ အစိုးရတပ်များနှင့် စစ်သွေးကြွများအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ စစ်သွေးကြွ ၄၀ သေဆုံးပြီး ၃၀ ဖမ်းဆီးထားကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ပါကစ္စတန်စစ်တပ်က ရဟတ်ယာဉ်များ**(ဓါတ်ပုံ)** အမြောက်နှင့် သံချပ်ကာယာဉ်များ အသုံးပြုပြီး ချေမှုန်းတိုက်ခိုက်ခဲ့ရာ အစိုးရတပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံးပြီး ၃၂ဦးဒဏ်ရာရရှိသွားကြောင်း အစိုးရစစ်တပ် ကြေညာချက်၌ ဖော်ပြသည်။

ပြောကြား

ဝါဇီရီစတန်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများသည် အာဖဂန်နယ်စပ်နှင့် ထိစပ်လျက်ရှိပြီး တာလီဘန်များ ကျက်စားရာဒေသဖြစ်သည်။

စစ်သွေးကြွများအား ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက်များတွင် ဆက်တိုက်ချေမှုန်းတိုက်ခိုက်ခဲ့ကြောင်း သေဆုံးမှုများပြားကြောင်း ပါကစ္စတန်စစ်တပ်က ပြောကြားသည်။

(အင်တာနက်)

ဖွံ့ဖြိုးဆဲနိုင်ငံများအား ပိုမိုကူညီပေးရန် ယူနက်စကက်ကို တရုတ်တိုက်တွန်း

ပေကျင်း ဇန်နဝါရီ ၂၅

ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီများပေးရန် အာရှနှင့်ပစိဖိတ်ဒေသ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်(ယူနက်စကက်)သို့ ဇန်နဝါရီ ၂၂ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက တိုက်တွန်းလိုက်သည်။

ယူနက်စကက်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား ဆက်လက်ကူညီပေးပြီး အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှုများ တွန်းအားပေးဆောင်ရွက်သင့်ကြောင်း တရုတ်နိုင်ငံတော်ကောင်စီဝင် တန်ကြားရှင်က ပြောကြားလိုက်သည်။

ယူနက်စကက် အမှုဆောင်အရာရှိချုပ် နိုလင်းဟေဇာနှင့် တွေ့ဆုံဆွေးနွေးစဉ် တန်က မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

အခွင့်အလမ်း

အာရှပစိဖိတ်ဒေသသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသကဲ့သို့ အခွင့်အလမ်းများလည်း နည်းနေကြောင်း တန်က ပြောကြားသည်။

တန်ဖိုးထား

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ယူနက်စကက်၏ အခန်းကဏ္ဍကို ပိုမိုတန်ဖိုးထားကြောင်း၊ ဒေသတွင်း စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်လာစေရန်ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ၌ မြေမြှုပ်မိုင်းများကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအဟန့်အတားဖြစ်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၅

အီရတ်နိုင်ငံတစ်ဝန်း၌ မြေမြှုပ်မိုင်း ၂၅ သန်းအထိ ဖော်ပြီးသော်လည်း မိုင်းကွင်းထောင်ပေါင်းများစွာ ရှိနေဆဲဖြစ်ကြောင်း၊ ယင်းမိုင်းများကြောင့် ရေနံတူးဖော်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

ပြောကြား

အီရတ်နိုင်ငံ၌ ၁၉၈၀-၁၉၈၈ အီရန်-အီရတ်စစ်ပွဲ၊ ၁၉၉၁ ခုနှစ် ပထမအကြိမ် ပင်လယ်ကွေ့စစ်ပွဲနှင့် ၂၀၀၃ခုနှစ် အမေရိကန်ဦးဆောင်သော ကျူးကျော်စစ်ပွဲများပြီးနောက် နိုင်ငံတစ်ဝန်း မိုင်းကွင်းပေါင်း ၄၀၀၀ ခန့်ရှိကြောင်း အီရတ်အစိုးရပြောရေးဆိုခွင့်ရပုဂ္ဂိုလ် အလီအယ်လ်ဒက်ဘက်ချ်က ပြောကြားသည်။

မိမိတို့နိုင်ငံသည် အကြမ်းဖက်ဝါဒ ကြီးစိုးနေသမျှ ကာလပတ်လုံး အကြီးမားဆုံးသော ခြိမ်းခြောက်မှုကြီးများ ရှိနေဆဲဖြစ်ကြောင်း ဒက်ဘက်ချ်က ဘဂ္ဂဒက်၌ ကုလသမဂ္ဂတာဝန်ရှိသူများနှင့်အတူ ကျင်းပသောအစည်းအဝေးတွင် ပြောကြားသည်။

တာဝန်ပေး

ယင်းကဲ့သို့ နိုင်ငံတစ်ဝန်း မိုင်းများထူပြောနေမှုကြောင့် အီရတ်အစိုးရက အီရတ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးအား မိုင်းများရှင်းလင်းပေးရန် တာဝန်ပေးထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ မြောက်ပိုင်း နီမာရာဒေသရှိ ကြက်မွေးမြူရေးခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားနေသည့် ကြက်များအား သုတ်သင်ရှင်းလင်းရန် ဆောင်ရွက်နေသည်ကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



မူရှာရက်ဖ်အား ကန့်ကွက်ဆန္ဒပြသူများ ပါကစ္စတန် ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးသုံး လူစုခွဲ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၅

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ ယမန်နေ့က သမ္မတမူရှာရက်ဖ်အား ဆန့်ကျင်ဆန္ဒပြသူများကို လူစုခွဲရန်အတွက် ရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများသုံးသည့်အပြင် နံပါတ်တုတ်များနှင့်လည်း ရိုက်နှက်ကြောင်း သတင်းထောက်များကိုယ်တိုင် တွေ့ရှိသည်။

ခရစ်ကက် အားကစားသမား ဘဝမှ နိုင်ငံရေးသမား တစ်ဦးဖြစ်လာသူ အင်ရန်ခန်အား ထောက်ခံသူများ စုစုပေါင်း အင်အား ၄၀၀ခန့်တို့က အစ္စလာမ္မာဘတ်မြို့ရှိ ပါကစ္စတန် နိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် ချောင်ဒရီ၏နေအိမ်သို့ ချီတက်ရာတွင် ရဲတပ်ဖွဲ့**(အောက်ဝဲပုံ)**က ပိတ်ဆို့ဟန့်တားခြင်း ဖြစ်သည်။

ထိန်းသိမ်းခံနေရဆဲ

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက အရေးပေါ် အခြေအနေ ကြေညာအပြီး မစ္စတာချောင်ဒရီမှာ ရာထူးမှ ဖယ်ရှားခံရကာ ယခုတိုင် အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရဆဲ ဖြစ်သည်။

မစ္စတာချောင်ဒရီ နေအိမ်အနီး ချထားသော ရဲတပ်ဖွဲ့၏ အတားအဆီးများကို ဆန္ဒပြသူများက ကျော်ဖြတ်ရန်ကြိုးစားသည်။ သို့သော် ရဲတပ်ဖွဲ့က နံပါတ်တုတ်များ၊ မျက်ရည်ယိုဗုံးများ သုံးစွဲပြီး တားမြစ်ပိတ်ပင်ခဲ့သည်။

(အင်တာနက်)

အီရတ်တွင် သစ်သီးခြံအတွင်း လူခုနစ်ဦး၏ အလောင်းများ တွေ့ရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၅

အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၁ရက်က မိသားစုဝင်ခုနစ်ဦး၏ အလောင်းများကို တွေ့ရှိခဲ့ရကြောင်း၊ အားလုံးမှာ နှိပ်စက်ခံထားရပြီး ပစ်သတ်ခံရသည့်ပုံစံများကို တွေ့ရကြောင်း၊ ထို့ကြောင့် ၎င်းတို့သည် အီရတ်နိုင်ငံ၏ တည်ငြိမ်မှုမရှိသည့် နယ်မြေဖြစ်သော ဘာကူဘာမြို့ပြင်တွင် အယ်လ်ခိုင်ဒါ တိုက်ခိုက်ရေးသမားများကို လိုက်လံရှာဖွေလျက် ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ထုတ်ခဲ့

သေဆုံးသူများတွင် အဖေ၊ သားငါးယောက်နှင့် တူတစ်ယောက်ပါဝင်ကြောင်း၊ သစ်သီးခြံအတွင်း တွေ့ရသော အလောင်းများကို အခြားမိသားစုဝင်များက ဖော်ထုတ်ခဲ့ခြင်းကြောင့် သိရကြောင်း ၎င်းတို့က ပြောကြားသည်။

တိုက်ထုတ်ခဲ့

ဒီယာလာပြည်နယ်၏ မြို့တော် ဘာကူဘာသည် အနောက်ပိုင်း အန်ဘာဒေသတွင်ပါဝင်ပြီး အီရတ်၏ ဆူပူအကြမ်းဖက်မှု အဖြစ်အများဆုံး ဒေသများအနက်မှ တစ်ခုဖြစ်သည်။ လွန်ခဲ့သည့်နှစ်က အယ်လ်ခိုင်ဒါများကို အန်ဘာနှင့် ဘဂ္ဂဒက်ဒေသတို့မှ တိုက်ထုတ်ခဲ့ပြီး လုံခြုံရေးတင်းကျပ်မှုများ ဆောင်ရွက်ခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

အာလူးပြပွဲ

ပီရူးနိုင်ငံ လီမာမြို့၌ ကျင်းပသော နိုင်ငံတကာ အာလူးပြပွဲတွင် ခင်းကျင်းပြသထားသော အာလူးမျိုးများကို ဇန်နဝါရီ ၂၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပိုလန်တိုက်လေယာဉ်

ပိုလန်နိုင်ငံ အနောက်မြောက်ပိုင်း မီရို့စ်လာဝီလေဆိပ်အဆင်း၌ ဇန်နဝါရီ ၂၄ရက်က ၁၉ဦး သေဆုံးခဲ့ရသော ပိုလန်တိုက်လေယာဉ် ပျက်မကျမီတွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရှင်းလင်းသုတ်သင်

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ အနောက်ပိုင်းရှိ ဖင်ဒါကျေးရွာ၌ ဇန်နဝါရီ ၂၄ရက်က ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသော ကြက်ခြံတစ်ခြံကို ကျန်းမာရေး ဝန်ထမ်းများက စစ်ဆေးရှင်းလင်း သုတ်သင်ခဲ့မှုမြင်ကွင်း။

(အင်တာနက်ဓာတ်ပုံ)

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

မောင်မောင်မြင့်ဆွေ

ဓာတ်ငွေ့အိုးအသုံးပြုနေစဉ် ဆေးလိပ်သောက်သော် . . .

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဇန်နဝါရီ ၂၄ ရက်က အိမ်သုံးဓာတ်ငွေ့အိုးပေါက်ကွဲမှု ဖြစ်ပွားသဖြင့် တစ်ဦးသေဆုံးခဲ့ရကြောင်း ဒါကာရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သတိပြုသင့်

ဖြစ်ပွားမှုမှာ မိသားစုလေးဦးရှိသော အဆိုပါနေအိမ်၌ အသက်(၁၉ နှစ်) အရွယ် လူငယ်တစ်ဦးမှာ ဆေးလိပ်သောက်ရင်း ရေနွေးအိုးကျိုရန် ဓာတ်ငွေ့မီးဖိုကို ဖွင့်လိုက်ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကာ သေဆုံးခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဓာတ်ငွေ့အိုး အသုံးပြုခြင်းနှင့် ရေနံဓာတ်ငွေ့များအနီး ဆေးလိပ်သောက်သုံးခြင်းမပြုမိရန် သတိပြုသင့်ပေသည်။

မူးပြီး မောင်းသောအခါ . . .

ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့၌ ဇန်နဝါရီ ၂၄ရက်က ယာဉ်ရှစ်စီးဆက်တိုက် တိုက်မှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရခဲ့သည်။

သင်ခန်းစာယူသင့်

ဖြစ်ပွားမှုမှာ စားသောက်ဆိုင်မှ အရက်သောက်သုံးပြီး ကားမောင်းလာသူတစ်ဦးက ရှေ့မှ မော်တော်ယာဉ်တစ်စီးကို အရှိန်မြှင့်ပြီး ကျော်တက်ရန် ကြိုးစားရာမှ မော်တော်ယာဉ်ရှစ်စီး အရှိန်မထိန်းနိုင်ဘဲ ဆက်တိုက် တိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သင်ခန်းစာယူစရာ

အရက်သောက်သုံးပြီး သတိလက်လွတ် မောင်းနှင်မှုကြောင့် ကိုယ်တိုင်သေဆုံးရသလို အခြားသူများလည်း သေဆုံးခဲ့မှုမှာ သင်ခန်းစာယူစရာပင် . . .။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

အတိတ်မှ အရိပ်မည်းလိုက်လေသောအခါ

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဖီဂျီနိုင်ငံ၏ အနောက်ဘက် ဗာနတူမြို့ကလေးသည် လူဦးရေ အသင့်အတင့်သာရှိသော ကျွန်းမြို့ကလေးဖြစ်သည်။ ယင်းမြို့သည် ပင်လယ်ကမ်းခြေမြို့ကလေးဖြစ်သဖြင့် သာယာလှပသည်။

ပညာကောင်းစွာမသင်ခဲ့

ထိုမြို့တွင် ဂျက်ကီဆောလ် **(ဝဲပုံ)**ဆိုသည့် လူငယ်တစ်ဦးနေထိုင်သည်။ ဆောလ်သည် ငယ်စဉ်ကပင် ယင်း မြို့၌ ကြီးပြင်းခဲ့သည်။ သူသည် ငယ်စဉ်ဘဝကတည်းက ပညာကို ကောင်းစွာ မသင်ခဲ့ပေ။ မိဘများက ပညာတတ် ဖြစ်စေချင်သော်လည်း ယင်းလမ်းကို သူမလျှောက်ခဲ့ပေ။

ကြံ့ရာကျပန်း

သူသည် အသက်(၁၄နှစ်)အရွယ်တွင် ကျောင်းထွက်ခဲ့ကာ အပြင်လောကတွင် ကြံ့ရာကျပန်း လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းမှု ပြုခဲ့သည်။ ထိုသို့ နေထိုင်ရင်းဖြင့် အပေါင်းအသင်းမှားကာ အိမ်ဖောက်ထွင်းမှု၊ ကျူးကျော်မှုများကို ကျူးလွန်ခဲ့မိသည်။ ထိုအကျိုးဆက်ကြောင့်ပင် သူ၏ဘဝမှာ ရေတိမ်

ဆောလ်သည် ယင်းပြစ်မှုများကို ကျူးလွန်ပြီး နောက် သူ၏ဘဝကို ပြုပြင်ရန် ကြိုးစားခဲ့သော်လည်း သူယခင်က ကျူးလွန်ခဲ့သော အမည်းစက်က သူ၏ဘဝကို ပြန်လည်ပြုပြင်ခွင့် မပေးတော့ချေ။

နစ်ခဲ့ရတော့သည်။ ဆောလ်သည် ယင်းပြစ်မှုများကို ကျူးလွန်ပြီးနောက် သူ၏ဘဝကို ပြုပြင်ရန် ကြိုးစားခဲ့သော်လည်း သူယခင်က ကျူးလွန်ခဲ့သော အမည်းစက်များက သူ၏ဘဝကို ပြန်လည်ပြုပြင်ခွင့် မပေးတော့ချေ။

အသတ်ခံရမှု

ထိုအတိတ်၏ အကျိုးဆက်ကြောင့်ပင် ၂၀၀၇ ခုနှစ်နှောင်းပိုင်းတွင် အသက် (၆၉နှစ်)ရှိ ဆစ်ဒနီ အနုပညာဆရာဟောင်းတစ်ဦးဖြစ်သူ ဗာနာတူမြို့ကလေးမှ လင်ဒေါလ်ဂျာကီ အသတ်ခံရမှုနှင့်ပတ်သက်ပြီး ဆောလ်ကို စွပ်စွဲခဲ့တော့သည်။

သေဆုံးနေ

ဂျာကီ၏အလောင်းကို တွေ့ရှိရာအနီးမှ ချွန်မြနေသည့် တောခုတ်ဓားလေးလက်ကို တွေ့ရှိခဲ့ရကြောင်း၊ ဆောလ်သည် ယင်းဓားများကို ပစ်ထားခဲ့ပြီး ထွက်ပြေးခဲ့ကြောင်း ရဲတပ်ဖွဲ့က မသင်္ကာဖြစ်ခဲ့သည်။ သေဆုံးသူ ဂျာကီသည် ၎င်းနေထိုင်ရာအိမ်တွင် နှစ်ပေါင်း ၂၀ကျော်ကြာ နေထိုင်ခဲ့သည်။ ဂျာကီသည် လည်ပင်းတွင် ပြတ်ရှဒဏ်ရာရရှိပြီး သေဆုံးနေခဲ့သည်။ ဂျာကီနှင့် ဆောလ်တို့သည် ပေါ့တ်ဗီလာမြို့မှ ကားဖြင့် မိနစ် ၂၀ ခန့် မောင်းရသော ဗာနတူမြို့တွင် နေထိုင်ကြလေသည်။

စွပ်စွဲခံရ

ပြစ်ချက်ဟောင်းရှိသူ ဆောလ်အနေဖြင့် သေဆုံးသူ ဂျာကီအိမ်မှ မလှမ်းမကမ်းတွင် နေထိုင်ခြင်းသည်လည်း အစွပ်စွဲခံရခြင်း၏ အဓိက အကြောင်းရင်း ဖြစ်သည်။

ယင်းဖြစ်ရပ်ကြောင့် ဆောလ်သည် ယခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် အဖမ်းခံခဲ့ရတော့သည်။ ဆောလ်သည် ယခုအခါ ယင်းအမှုအတွက် တရားရုံးတွင် ရင်ဆိုင်နေရဆဲ ဖြစ်သည်။

ဤဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် ပြစ်မှုအသေးအဖွဲကျူးလွန်မိဖူးသူသည် တိုက်ဆိုင်လာပါက အတိတ်မှ အရိပ်မည်း၏ အကျိုးဆက်ကို ခံစားရတတ်ကြောင်း သတိမူ သင်ခန်းစာယူဖွယ် ရာပင် ဖြစ်ပါကြောင်း။ ။

တူရကီ အီးယူအဖွဲ့ဝင်ဖြစ်ရေး ဂရိဝန်ကြီးချုပ် ထောက်ခံ

တူရကီနိုင်ငံ၏ အီးယူအဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်းနေမှုကို ဂရိဝန်ကြီးချုပ် ကော့တက်စ်ကာရာမင်လစ်စ်က အပြည့်အဝထောက်ခံလိုက်သည်။

တူရကီနိုင်ငံသို့ ဇန်နဝါရီ ၂၃ ရက်မှစ၍ သုံးရက်ကြာ အလည်အပတ် ရောက်ရှိနေသော ဂရိဝန်ကြီးချုပ်က တူရကီနိုင်ငံအနေဖြင့် အီးယူအဖွဲ့ဝင်ဖြစ်လာလျှင် နှစ်ဦးနှစ်ဖက် အကျိုးထူးများ ရရှိနိုင်ခြင်းကြောင့် ထောက်ခံခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၅–၁–၂၀၀၈

တိရစ္ဆာန်အသားများအိန္ဒိယမှတင်သွင်းမှု ဘင်္ဂလားဒေ့ရှ်ပိတ်ပင်

အိန္ဒိယမှတင်သွင်းသော တိရစ္ဆာန်အသားများကို ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်မှုတစ်ရပ်အဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပိတ်ပင်လိုက်ကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂေါပြည်နယ်တွင် ကြက်ငှက်တုပ်ကွေး ဖြစ်ပွားလျက်ရှိသဖြင့် ကြက်၊ ဘဲ၊ ငှက်အသားများ အပါအဝင် တိရစ္ဆာန်အသားများတင်သွင်းမှုကို ဘင်္ဂလားဒေ့ရှ်က ပိတ်ပင်ခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

ပြင်သစ်သမ္မတ အိန္ဒိယရောက်ရှိ၊ နှစ်နိုင်ငံကိစ္စရပ်များဆွေးနွေး

ပြင်သစ်သမ္မတ နီကိုလက်စ်ဆာကိုဇီသည် အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီးအဖြစ် ရောက်ရှိလာပြီး အိန္ဒိယသမ္မတ ပရာတီဘာပါတေးလ်နှင့် တွေ့ဆုံဆွေးနွေးသည်။ နှစ်နိုင်ငံကာကွယ်ရေး၊ ရထား၊ သိပ္ပံနှင့် နည်းပညာ၊ ပညာရေးကဏ္ဍများ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကြရေး သဘောတူလက်မှတ်များကိုလည်း ပြင်သစ်နှင့် အိန္ဒိယသမ္မတတို့ ရေးထိုးခဲ့သည်။

ကမ္ဘောဒီးယားနှင့် ဗီယက်နမ်ကုန်သွယ်မှုတိုးမြှင့်

ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နှစ်နိုင်ငံတို့၏ ကုန်သွယ်မှုမှာ လာမည့် ၂၀၁၀ ပြည့်နှစ်၌ အမေရိကန်ဒေါ်လာ ၂ဒသမ၃ ဘီလီယံအထိ ရောက်ရှိရန် ကြိုးစားသွားမည်ဟု နှစ်နိုင်ငံအရာရှိများက ပြောကြားလိုက်သည်။

နှစ်နိုင်ငံကုန်သွယ်မှုမှာ ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်က အမေရိကန်ဒေါ်လာ ၁ဒသမ၁ ဘီလီယံကျော်ရှိခဲ့ကြောင်း ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

ရေနံဝင်ငွေတိုးတက်ရန် ဂျီစီစီခြောက်နိုင်ငံ မျှော်မှန်း

ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ) ခြောက်နိုင်ငံတို့အနေဖြင့် လာမည့် ၂၀၂၂ ခုနှစ်အရောက်၌ ရေနံမှ ဝင်ငွေတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်အထိ ရရှိရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဂျီစီစီအရာရှိများက ပြောကြားသည်။

အဆိုပါငွေကြေးမှာ ကမ္ဘာ့ဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၇၀ နှုန်းနှင့် တွက်ချက်ထားခြင်းဖြစ်ပြီး ကမ္ဘာ့ဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဖြစ်လျှင် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၉ ထရီလီယံအထိရှိလာမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ရုရှားနှင့်ပြင်သစ် ပူးတွဲစစ်ရေးလေ့ကျင့်

အတ္တလန္တိတ်သမုဒ္ဒရာတွင် ရုရှားနှင့် ပြင်သစ်တို့ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်ကြကြောင်း နှစ်နိုင်ငံ ရေတပ်အရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံတို့မှ တိုက်သင်္ဘောများ၊ လေယာဉ်တင်သင်္ဘောကြီးများ အပါအဝင် တိုက်လေယာဉ်များပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ရာ ၁၅နှစ်အတွင်း ပထမဆုံးအကြိမ် ဖြစ်သည်ဟု ၎င်းတို့ကပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိ ကုလသမဂ္ဂဝန်ထမ်းများ၏ လုံခြုံရေးကို ပြန်လည်သုံးသပ်

အယ်ဂျီးရီးယားတွင် ဗုံးပေါက်ကွဲမှုကြောင့် ကုလသမဂ္ဂငြိမ်းချမ်းရေးနှင့် လုံခြုံရေးဝန်ထမ်းများ သေဆုံးခဲ့ရပြီးနောက် ကမ္ဘာတစ်ဝန်းမှ ကုလသမဂ္ဂငြိမ်းချမ်းရေးနှင့် လုံခြုံရေးဝန်ထမ်းများ၏ လုံခြုံရေးကို ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားလိုက်သည်။

အီရတ်နိုင်ငံတွင် ၂၀၀၂ ခုနှစ်က ကုလသမဂ္ဂအထူးသံတမန် ဆာဂျီရိုဗီညဲရိုး သေဆုံးခဲ့ရပြီးနောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုများ၌ ကုလသမဂ္ဂ လုံခြုံရေးဝန်ထမ်းများ သေဆုံးမှုများရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပါလက်စတိုင်းနှင့် အစ္စရေးတို့ အကျိုးဖြစ်ထွန်းစေမည့် ငြိမ်းချမ်းရေးဆွေးနွေးမှု စတင်

ပါလက်စတိုင်းနှင့် အစ္စရေးတို့အနေဖြင့် အကျိုးဖြစ်ထွန်းစေမည့် ငြိမ်းချမ်းရေးဆွေးနွေးမှုကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ရှိမွန်ပီရက်စ်က ပြောကြားလိုက်သည်။ ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင်ကျင်းပသည့် နှစ်ပတ်လည် ကမ္ဘာ့စီးပွားရေးဖိုရမ်၌ အစ္စရေးဝန်ကြီးချုပ်က စစ်မက်တိုက်ခိုက်နေခြင်းသည် ငြိမ်းချမ်းရေးရရှိစေသည့် နည်းလမ်းမဟုတ်ကြောင်း ပြောကြားသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

စမ်းသပ်ပစ်လွှတ်

ပါကစ္စတန်နိုင်ငံက စစ်အခြေစိုက် စခန်းတစ်ခုမှနေ၍ ဇန်နဝါရီ ၂၅ ရက်တွင် ရာဟမ်း–၁ အမည်ရှိ တာလတ်ပစ် ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့သည်။

- **တရုတ်နိုင်ငံမြို့တော် ပေကျင်းမှ ကင်တောင်မြို့သို့ ဇန်နဝါရီ ၂၅ ရက်က ခုတ်မောင်းလာသော အမြန်ရထားတစ်စင်းသည် ရှန်တုန်ပြည်နယ် အင်ကျိုမြို့အနီး လမ်းချော်မှုဖြစ်ပွားရာ ခရီးသည် ၁၈ဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့သည်။**
- အမေရိကန်နိုင်ငံ ချီကာဂိုမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဇန်နဝါရီ ၂၄ ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သဖြင့် လေယာဉ်ခရီးစဉ်အများအပြား ရွှေ့ဆိုင်းခဲ့ရသည်။
- **ပြင်သစ်နိုင်ငံတောင်ပိုင်း တိုရေတက်စ်မြို့တွင် ဇန်နဝါရီ ၂၄ ရက်က မြောက်ဝင်ရိုးစွန်းရှိ ရေခဲပြင်များကို လေ့လာရန် ခရီးထွက်ခဲ့သော လေယာဉ်တစ်စင်း နေအိမ်တစ်အိမ်အပေါ် ပျက်ကျခဲ့ရာ ဒဏ်ရာရရှိသူများရှိသော်လည်း သေဆုံးသူမရှိကြောင်း သိရသည်။**
- ပါကစ္စတန်နိုင်ငံ ဖရွန်တီးယားပြည်နယ် စရာဘီမြို့အနီး၌ ပါကစ္စတန် လေတပ်မှ တီ–၃၇ လေ့ကျင့်ရေးလေယာဉ်တစ်စင်းပျက်ကျရာ လေယာဉ်မှူး သေဆုံးသွားသည်။
- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ဖြန့်ဖြူးပေးနေသော ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ဇန်နဝါရီ ၂၄ ရက်က ပေါက်ကွဲ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒါကာမြို့၌ ဓာတ်ငွေ့ဖြန့်ဖြူးမှု ရပ်ဆိုင်းခဲ့သည်။**
- သီရိလင်္ကာနိုင်ငံ ကန်ဒီခရိုင်အလယ်ပိုင်း တောင်ပေါ်ဒေသ အဝေးပြေးလမ်းတစ်နေရာ၌ ဇန်နဝါရီ ၂၄ရက်က ကားကြီးတစ်စီး လမ်းဘေးမြောင်းအတွင်း ထိုးကျခဲ့ရာ သုံးဦးသေဆုံးပြီး လူ ၈၀ သေဆုံးခဲ့သည်။
- **မက္ကဆီကိုပင်လယ်ကွေ့တွင် ဇန်နဝါရီ ၂၅ ရက်နံနက်က အင်အားပြင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ ပင်လယ်ပြင်၌ ၃၅ ပေခန့်မြင့်သော ရေလှိုင်းကြီးများဖြစ်ပေါ်ခဲ့ပြီး ရေနံတူးစင်များ ပျက်စီးခဲ့သည်။**

ဘဝ ဒဿန အမြင်

✻ ***Everything has its beauty but not everyone sees it.***
အရာရာတိုင်းတွင် အလှတရားရှိသော်လည်း လူတိုင်းမမြင်နိုင်ပေ။
ကွန်ဖြူးရှပ်စ် (အတွေးအခေါ်ပညာရှင်)

✻ ***Imagination is more important than knowledge.***
စိတ်ကူးစိတ်သန်းဟာ ဗဟုသုတထက် ပိုအရေးကြီးပါတယ်။
အဲလ်ဘာ့တ်အိုင်းစတိုင်း (ရူပဗေဒပညာရှင်)

ဘော့စနီးယား ဟာဇီဂိုဗီးနားနိုင်ငံ

သတင်းအက်ဆေး

တိုး–ရေးသားသည်

ထိုဒေသကို ၉၅၈ခုနှစ်က ခရိုအေးရှားဘုရင်များကလည်းကောင်း၊ ၁၀၀၀မှ ၁၂၀၀ ပြည့်နှစ်အထိ ဟန်ဂေရီတို့ကလည်းကောင်း အုပ်စိုးခဲ့သည်။ ၁၂၀၀ ပြည့်နှစ်မကုန်မီမှာပင် ဟာဇီဂိုဗီးနားက သိမ်းလိုက်ပြန်သည်။ နယ်မြေတောင်ပိုင်းမှာ ဟာဇီဂိုဗီးနားမြို့စားနယ်ဖြစ်လာသည်။ တစ်ဖန် ၁၄၆၃ခုနှစ်အရောက်တွင် တူရကီသိမ်းပိုက်သဖြင့် တူရကီလက်အောက်ခံ ပြည်နယ်တစ်ခု ဖြစ်သွားပြန်သည်။ ၁၈၇၈ခုနှစ်တွင် ဩစတြီးယား–ဟန်ဂေရီလက်အောက်ရောက်ကာ ၁၉၀၈ခုနှစ်အရောက်တွင် ဩစတြီးယား–ဟန်ဂေရီက လက်အောက်ခံပြည်နယ်တစ်ခုအဖြစ်သတ်မှတ်ကာ တရားဝင်သွတ်သွင်းသည်။

တိုက်ထုတ်

ဩစတြီးယား–ဟန်ဂေရီ အင်ပါယာ ပြိုပျက်သည့် ပထမကမ္ဘာစစ်ကြီးအပြီးတွင် ခရိုအေးရှား၊ ဘော့စနီးယား၊ ဟာဇီဂိုဗီးနားစသော ပြည်နယ်ဟောင်းငါးခုနှင့် လွတ်လပ်သော မွန်တီနီဂရိုးနိုင်ငံတို့က ဆားဘီးယား၊ ခရိုအေးရှားနှင့် ဆလိုဗေးနီးယား ဘုရင့်နိုင်ငံတစ်နိုင်ငံ ဖွဲ့စည်းသည်။ နောင်သောအခါ ယူဂိုဆလားဗီးယားဟူ၍ အသွင်ပြောင်းလိုက်သည်။ နာဇီဂျာမနီက ၁၉၄၁ခုနှစ်တွင် ကျူးကျော်လာသဖြင့် ယူဂိုဆလပ်ပြောက်ကျားတို့က တိုက်ထုတ်လိုက်နိုင်ခဲ့သည်။

၁၉၄၆ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် မာရှယ်တီးတိုးသမ္မတအဖြစ် တာဝန်ယူသည့် အစိုးရက ယူဂိုဆလားဗီးယား ပြည်ထောင်စုသမ္မတနိုင်ငံ ထူထောင်သည်။

ဘော့စနီးယား–ဟာဇီဂိုဗီးနားသည် ယူဂိုဆလားဗီးယား ပြည်ထောင်စုသမ္မတနိုင်ငံ၌ ပါဝင်သည့် နိုင်ငံခြောက်ခုအနက် တစ်ခုဖြစ်သည်။ ဘော့စနီးယား ဟာဇီဂိုဗီးနားတွင် ဘော့စနီးယား မွတ်စလင်များဖြစ်သည့် ဆလပ်လူမျိုး၊ ဆာ့ဘ်လူမျိုးနှင့် ခရိုအေးရှားလူမျိုးဟူ၍ အဓိကလူမျိုးစု သုံးစုနေထိုင်သည်။ ၁၉၆၀ပြည့်လွန်နှစ်များတွင် မွတ်စလင် ဆလပ်တို့ကို လူမျိုးစုတစ်ခုအဖြစ် သမ္မတတီးတိုးက အသိအမှတ်ပြုသည်။

လက်ခံကျင့်သုံး

၁၉၈၀ပြည့်နှစ်တွင် တီးတိုးကွယ်လွန်ပြီးနောက် စုပေါင်းသမ္မတအဖွဲ့ခေါင်းဆောင်ရာထူးနှင့် ကွန်မြူနစ်ပါတီခေါင်းဆောင်ရာထူးကို အလှည့်ကျယူသည့် စနစ်ဖြင့်အစားထိုးကာ အုပ်ချုပ်သည်။ ၁၉၉၀ပြည့်နှစ်တွင် ယူဂိုဆလားဗီးယားပြည်ထောင်စုသမ္မတနိုင်ငံသည် ပါတီစုံနိုင်ငံရေးစနစ် လက်ခံကျင့်သုံးလာသည်။

ခရိုအေးရှားနှင့် ဆလိုဗေးနီးယားတို့က ၁၉၉၁ခုနှစ် ဇွန် ၂၅ ရက်တွင် လွတ်လပ်ရေးကြေညာခြင်းဖြင့် ယူဂိုဆလားဗီးယား ပြည်ထောင်စုသမ္မတနိုင်ငံမှ ပထမဆုံးခွဲထွက်ရန် ကြိုးပမ်းသည်။ ထိုနှစ်ဇွန်လ ၂၇ရက်တွင် ဗဟိုအစိုးရတပ်များက ဆလိုဗေးနီးယားမှတပ်များ

အသစ်ပြန်လည် တည်ဆောက်ထားသော မိုစတာ တံတားအား တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရုပ်သိမ်းသည်။ ခရိုအေးရှား၌လည်း ဆာ့ဘ်နှင့် ခရိုအေးရှားတပ်များကို လိုက်လံတိုက်ခိုက်သည်။ ပြည်တွင်းစစ် ကျယ်ပြန့်သွားရတော့သည်။

ဘော့စနီးယား–ဟာဇီဂိုဗီးနားက ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် လွတ်လပ်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်သည်။ ထိုဒေသ၌ ဆလပ်လူမျိုး (ဘော့စနီးယားမွတ်စလင်)၊ ခရိုအက်လူမျိုးနှင့် ဆာ့ဘ်လူမျိုးဟူ၍ အဓိကရ လူမျိုးစုသုံးမျိုးရှိသည်။

အဆုံးသတ်

ဆာ့ဘ်လူမျိုးအများစုက ပြည်သူ့ဆန္ဒခံယူပွဲကို ဆန့်ကျင်ပြီး မဲမပေး၊ ဆလပ်နှင့် ခရိုအက်တို့က လွတ်လပ်ရေးအတွက် မဲပေးကြသည်။ မွတ်စလင်တို့အနေဖြင့် ဘော့စနီးယားတွင် အစ္စလာမ်နိုင်ငံ ထူထောင်မည်ဟုယူဆကာ ဘော့စနီးယား ဆာ့ဘ်တပ်များက မွတ်စလင်များကို ချေမှုန်းသည်။ ၁၉၉၂ခုနှစ် ဧပြီ၂ရက်တွင် ပြည်တွင်းစစ် စတင်သည်။ ဆာ့ဘ်တပ်များက ဆာရာယေဗိုမြို့ကို ဝိုင်းထားပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ သို့ဖြင့် ကုလငြိမ်းချမ်းရေးတပ်များ ဆာရာယေဗိုမြို့သို့ ဝင်ရောက်၍ နေရာယူလိုက်သည်။ အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီပါဝင်သည့် ကြီးငါးကြီးက နယ်မြေယာယီ သတ်မှတ်ပေးကာ ဝင်ရောက်ဖြေရှင်းပေးသော်လည်း ဆာ့ဘ်တို့ကလက်မခံ။ ၁၉၉၅ခုနှစ် ဒေတန်ငြိမ်းချမ်းရေးစာချုပ်ဖြင့် ပြည်တွင်းစစ်အဆုံးသတ်သည်။ ဘော့စနီးယား–ဟာဇီဂိုဗီးနားနိုင်ငံ လွတ်လပ်ရေးရပြီဆိုသော်လည်း နိုင်ငံတကာထိန်းချုပ်မှုနှင့် မကင်းနိုင်သေး။ လူဦးရေ ၃ ဒသမ ၈ သန်းရှိ ထိုနိုင်ငံ၌ သုံးနှစ်ကြာ ပြည်တွင်းစစ်ကြောင့် လူဦးရေထက်ဝက်မျှ အိုးမဲ့အိမ်မဲ့ဖြစ်ပြီး အခြေခံအဆောက်အအုံများ ပျက်စီးရသည်။

နိုင်ငံတော်အုပ်ချုပ်ရေးတွင် နိုင်ငံတကာရေးရာများကို အဓိကတာဝန်ယူရသည့် သမ္မတရာထူးတွင် ခရိုအက်၊ ဆာ့ဘ်နှင့် ဆလပ်လူမျိုးစုတို့ ရှစ်လတစ်ကြိမ် အလှည့်ကျထမ်းဆောင်သည့် စနစ်ကို ကျင့်သုံးလျက်ရှိသည်။ ဘော့စနီးယား–ဟာဇီဂိုဗီးနား ပြည်တွင်းစစ်သည် လွန်ခဲ့သည့် ၁၅နှစ်က နိုင်ငံတကာသတင်းမီဒီယာတွင်အချိန်အတန်ကြာ ရှေ့တန်းမှ နေရာယူခဲ့သည်။ ။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖားကန့်မြို့နယ် နောင်မီးစခန်းရှိ ယုဇန ဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

တွေ့ဆုံအမှာစကားပြောကြား

ထို့နောက် ဝန်ကြီးချုပ်သည် နန်းယွန်းမြို့ ဇန္ဓုလခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် နန်းယွန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းစိုးက မြို့နယ်၏ ဖွဲ့စည်းမှု၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှု၊ ပီလောပီနံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ဆီထွက်သီးနှံစိုက်ပျိုး ထွက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ လယ်ယာမြေ တိုးချဲ့မှု၊ ရေအားလျှပ်စစ်ဓာတ်အားရရှိမှု၊ မြို့သောက်သုံးရေရရှိမှု၊ ယောင်းငွေး ချောင်းကူးတံတား တည်ဆောက်မှုနှင့် ကျေးလက်လမ်းဖောက်လုပ်မှု၊ နန်းယွန်း မြို့နယ်၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုနှင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးချုပ်က နယ်မြေအခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

စီမံဆောင်ရွက်

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများပါဝင်သည့်အဖွဲ့သည် မြစ်ကြီးနား၊ ဗန်းမော်မြို့၊ မြန်မာနိုင်ငံ၏ အစွန်အဖျားဒေသများဖြစ်သည့် နောင်မွန်၊ တနိုင်း၊ နန်းယွန်း၊ ပန်ဆောင်နှင့် ရှင်ဗွေယန်မြို့များသို့ သွားရောက်ကြည့်ရှုပြီး ဒေသလိုအပ်ချက်များကို ဖြည့်ဆည်း စီမံဆောင်ရွက်ပေးရန်နှင့် နယ်စွန်နယ်ဖျား ဒေသများတွင် တာဝန်ထမ်းဆောင် နေကြသည့် ဝန်ထမ်းများကို အားပေးရန် လာရောက်ခဲ့ကြကြောင်း။

ဖြည့်ဆည်းဆောင်ရွက်

ကချင်ပြည်နယ်၏ အစွန်အဖျားရှိ ပန်နန်းဒင်၊ ခေါင်လံဖူးမြို့များကိုပါ သွားရောက်ရန် ကြိုးစားခဲ့သော်လည်း ရာသီဥတုအခြေအနေမပေး၍ မသွား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (နန်းယွန်းမြို့)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရောက်ဖြစ်ခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါမြို့များ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပြည်နယ်မှတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

နန်းယွန်းမြို့နယ်သည် အိန္ဒိယနိုင်ငံနှင့် နယ်မြေထိစပ်လျက်ရှိသည့် မြို့နယ် ဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသည့်မြို့နယ်ဖြစ်ကြောင်း။

လေ့လာသုံးသပ်

ယနေ့မိမိမှာကြားလိုသည်မှာ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသနေ ပြည်သူများ၏ လူနေမှုဘဝများ တိုးတက်မြင့်မားရေးနှင့် အေးချမ်းသာယာသည့် လူနေမှုအခြေအနေကောင်းများရရှိအောင် ဦးဆောင်ဦးရွက်ပြုရမည့်သူများမှာ အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများပင် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ကျွမ်းကျင်သည့် အတတ်ပညာ ရပ်များဖြင့် ရပ်မိရပ်ဖများ၊ ဒေသနေ ပြည်သူများ၏အားကိုရယူ၍ မှန်ကန် သောစေတနာ လုပ်ဆောင်ချက်များဖြင့် ပြည်သူများအား ဦးဆောင်ဦးရွက်ပြုကြ ရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များ ပြည့်ဝစေရအောင် အမြဲတစေ လေ့လာသုံးသပ်ပြီး ပြည်သူအတွက် အကျိုးပြုသည့် ဝန်ထမ်းကောင်းများ ဖြစ်အောင် ကျင့်ကြံနေထိုင် လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ် ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်၍ နိုင်ငံ့ဝန်ထမ်း များရော ပြည်သူများကပါ တည်ငြိမ်အေးချမ်းမှုများကို အမြဲမပြတ် ပူးပေါင်း ထိန်းသိမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ခေတ်မီစိုက်ပျိုးရေး

ဒေသနေပြည်သူများအတွက် အရေးအကြီးဆုံးဖြစ်သည့် စားရေးဖူလုံမှု ရှိစေရအောင် မြို့နယ်တစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ခုလုံး၏ ဝမ်းစာ အတွက် ပူပင်ကြောင့်ကြမှုမရှိရလေအောင် ဦးတည်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မစိုက်ပျိုးရသေးသည့် မြေလွတ်မြေရိုင်းများကို လယ်မြေ၊ ယာမြေ များအဖြစ် ဖော်ထုတ်ခြင်း၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်း မျိုးသန့်များ ပြောင်းလဲသုံးစွဲခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများသုံးစွဲ ခြင်း၊ တစ်သီးမှနှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်အောင် ဝီရိယစိုက်ထုတ်ဆောင်ရွက်သွားကြလျှင် ဝမ်းစာပိုလျှံရုံ သာမက လူတစ်ဦးချင်းစီ၏ စီးပွားရေးဖြစ်ထွန်းမှုကိုပါ အထောက်အကူဖြစ်လာ မည်ဖြစ်ကြောင်း၊ သဘာဝက မိမိတို့အား ပေးအပ်ထားသည့် ရေ၊ မြေ၊ သယံဇာတ အခြေခံကောင်းများကို လက်တွေ့ကျကျ အသုံးချပြီး စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို စီးပွားဖြစ်အောင်မြင်အောင် အမြဲကြိုးဆ လုပ်ကိုင် သွားကြရမည်ဖြစ်ကြောင်း။

အလေးထားကြိုးပမ်း

ထို့အပြင် နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် လမ်းပန်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံကောင်းများကို လက်တွေ့ အသုံးချပြီး ဒေသနေလူငယ် လူရွယ်များ ပညာရည်တိုးတက်မြင့်မားရေး၊ ပြည်သူများ ကျန်းမာရေးအဆင့်အတန်းကောင်းမွန်ရေး၊ လူမှုစီးပွားရေးဘဝ မြင့်မားရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်ကြီး အစွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် တိုင်းရင်းသားညီအစ်ကို အချင်းချင်း ချစ်ခင်မြတ်နိုးသည့် စိတ်ဓာတ်၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများမထားရှိဘဲ ဤမြေပေါ်မှာနေပြီး ဤရေကိုအတူသောက်ကြသည့် တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများဖြစ်ကြသည့်အတိုင်း တိုင်းရင်းသားအားလုံး၏ စိတ်သန္တာန်တွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်တိုးပွားလာစေရအောင် နိုင်ငံ့ဝန်ထမ်းအားလုံးက ဦးဆောင်စည်းရုံးသွားကြ ရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် ဝန်ကြီးချုပ်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပညာရေးဌာန၊ ကျန်းမာရေးဌာနနှင့် နာဂရိုးရာယဉ်ကျေးမှုအဖွဲ့တို့မှ တာဝန်ရှိသူများထံ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်က နန်းယွန်းမြို့ရှိ လူမှုရေးအသင်းအဖွဲ့ များနှင့် ဆေးပဒေသာပင်အတွက် ပံ့ပိုးငွေကျပ်သိန်း ၂၀ ကို မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လိုအပ်သည်များကို မေးမြန်းကာ ရေအားလျှပ်စစ်ဓာတ်အားရရှိရေးနှင့် ဒေသ လိုအပ်ချက်များကို ပံ့ပိုးကူညီ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် နန်းယွန်းမြို့နယ် ရေအားလျှပ်စစ်ရရှိရေးအတွက် ငွေကျပ် သိန်း ၁၀၀ ကို Jade Land Co. မှ ဦးယွပ်ဇော်ခေါင်က တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှု

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း (နန်းယွန်းမြို့)သို့ ရောက်ရှိ၍ စက်ချုပ် သင်တန်းကို ကြည့်ရှုစစ်ဆေးကာ ဆရာမများနှင့် သင်တန်းသူများအား အားပေး စကားပြောကြားပြီး ဆရာမများအား ပံ့ပိုးငွေများကို ပေးအပ်သည်။

အဆိုပါသင်တန်းကျောင်းက ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်းနှင့် ကြိမ်၊ ဝါးသင်တန်းတို့မှ သင်တန်းသူ ၁၄၂ဦး တို့ အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ကြိုဆို

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ ဝင်များသည် နန်းယွန်းမြို့မှ ရဟတ်ယာဉ် များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ၂နာရီ မိနစ် ၄၀တွင် ပန်ဆောင်မြို့ သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများနှင့် ကျောင်းသားကျောင်းသူ များက ကြိုဆိုကြရာ ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးချုပ်က နောင်ယန်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားများနှင့် တွေ့ဆုံရာ ဝန်ကြီးချုပ်က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများအား ဒေသဆိုင်ရာအခြေအနေများကို မေးမြန်းပြီး လိုအပ်ချက်များကို ညှိနှိုင်းပံ့ပိုး ဖြည့်ဆည်းပေးသည်။

ပံ့ပိုးကူညီ

ထို့နောက် ဝန်ကြီးချုပ်က နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေ စိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ဒေသတွင်းရှိပြီးဖြစ်သည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးကူညီ ဆောင်ရွက် ပေးရေး၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာများ တတ်မြောက်သင်ယူနိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ ကျေးလက်ဒေသနေပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုများ အပြည့်အဝရရှိအောင် ဆောင်ရွက်ကြရေး၊ ဒေသဝမ်းစာ ဖူလုံရေးအတွက် ဆန်စပါးနှင့် ဆီထွက်သီးနှံတိုးချဲ့ စိုက်ပျိုးရေး၊ ရေအားလျှပ်စစ် ထုတ်လုပ်ရန် ဖြစ်နိုင်ခြေရှိသည့်နေရာများကို ရှာဖွေဖော်ထုတ်ရေး၊ လယ်ယာမြေနှင့် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က ဒေသခံတိုင်းရင်းသားများနှင့် မြို့နယ်ဥက္ကဋ္ဌ တို့အား လက်ဆောင်ပစ္စည်း၊ အဝတ်အထည်များနှင့် လူမှုရေးအသင်းအဖွဲ့များနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၈သိန်းတို့ကို ပေးအပ်သည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်နှင့် ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးတို့က မြို့မိမြို့ဖများနှင့် မြို့နယ်ဥက္ကဋ္ဌတို့ထံ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပန်ဆောင်မြို့မှ ရဟတ် ယာဉ်များဖြင့် ထွက်ခွာလာကြရာ ညနေ ၃နာရီခွဲတွင် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးချုပ်နှင့် ရှင်ဗွေယန်မြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများ တွေ့ဆုံပွဲအခမ်းအနားကို ညနေပိုင်းတွင် ရှင်ဗွေယန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်အောင်လွင်က ရှင်ဗွေယန်မြို့၏ မြို့နယ် ဖွဲ့စည်းမှု၊ တရားဥပဒေ စိုးမိုးမှု၊ ကျောင်းများဖွင့်လှစ်နိုင်မှု၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်မှု၊ စပါးစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ဆီထွက် သီးနှံစိုက်ပျိုးမှု၊ အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံများစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ အခြေခံပညာ အလယ်တန်းကျောင်းမှ အခြေခံပညာ အထက်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်မှု၊ နှစ်ထပ်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်မှု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အိုင်ပီစတားတယ်လီဖုန်းများ တပ်ဆင်ဆက်သွယ် နိုင်မှု ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာတို့ကို ရှင်းလင်း တင်ပြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သစ်တောဦးစီးဌာန ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေပြတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဤမြေပေါ်မှာနေ ဤရေကို အတူသောက်ကြသည့် တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများဖြစ်သည့်အတိုင်း တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်တိုးပွားအောင် ဝန်ထမ်းအားလုံး ဦးဆောင်စည်းရုံး

ထို့နောက် ဝန်ကြီးချုပ်က ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန် ထမ်းဆောင်ရမည့် ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရေး၊ လူငယ်လူရွယ်များအားလုံး ပညာရေးအဆင့်အတန်း တိုးတက်အောင် စည်းရုံးကူညီဆောင်ရွက်ပေးရေး၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုမရှိအောင် ထိန်းသိမ်းကာကွယ်ရေး၊ ဒေသနေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်လာအောင် မိမိတို့၏ အတတ်ပညာ၊ အသိပညာများဖြင့် ကူညီပံ့ပိုးသွားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အမြဲထာဝစဉ် ဖြစ်ထွန်းစေရန် အလေးထားဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ပံ့ပိုးငွေပေးအပ်

ဆက်လက်၍ ဝန်ကြီးချုပ်က လက်ဆောင်ပစ္စည်းများနှင့် လူမှုရေးအဖွဲ့အစည်းများနှင့် ဆေးပဒေသာပင်တို့အတွက် ပံ့ပိုးငွေကျပ် ၁၈သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးချုပ်သည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှင်ဗွေယန်မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ ညနေပိုင်းတွင် တနိုင်းမြို့သို့ ရောက်ရှိကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ၂၄ရက် နံနက် ၈နာရီ မိနစ်၂၀ တွင် တနိုင်းမြို့ ဟူးကောင်းခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံပြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေထွန်းအောင်က မြို့နယ်၏ ဖွဲ့စည်းမှု၊ တနိုင်း–မိုင်းခွန်ကားလမ်းပေါ်ရှိ လမ်း၊ တံတားများ ပြုပြင်ပြီးစီးမှု၊ ရှင်ဗွေယန် အထကနှင့် နောင်းလုံကောင်ရာ အမက တို့တွင် ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲများ ပြုပြင်ပြီးစီးမှု၊စပါးနှင့် ဆီထွက်သီးနှံ စိုက်ပျိုးထွက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှု၊ ခြိစည်းရိုးကြက်ဆူ၊ ရော်ဘာ၊ ကြံ၊ သစ်ဆိမ့်နှင့် အမယ်သစ်သီးနှံများ စိုက်ပျိုးပြီးစီးမှု၊ မွေးမြူရေးနှင့် ငါးမျိုးများ စိုက်ထည့်မှု၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တနိုင်းမြို့နယ်၏ မြေမျက်နှာသွင်ပြင်သည် ပြန့်ပြူးမှုရှိသည့်အပြင် ရာသီဥတု ကောင်းမွန်မှုတပြီး ရေမြေသယံဇာတ၊သစ်တော သယံဇာတများ ပေါကြွယ်ဝသည့် မြို့ နယ်တစ်ခုလည်းဖြစ်ကြောင်း၊ ဆန်စပါး၊ သားငါးနှင့် သစ်တောထွက် သယံဇာတပစ္စည်းထုတ်လုပ်လျှင် ထုတ်နိုင်သမျှ အကျိုးဖြစ်ထွန်းစေမည့် ဒေသတစ်ခုဖြစ်ကြောင်း။

ထို့အပြင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကို ဆက်သွယ်ဖောက်လုပ်ခဲ့သည့် နာမည်ကျော်လီဒိုလမ်းမကြီး ပေါ်ထွက်တည်ရှိသည့် နေရာဒေသတစ်ခုဖြစ်ကြောင်း၊ အဆိုပါလမ်းကိုအသုံးပြု၍ အိန္ဒိယနှင့် တရုတ် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပါက တနိုင်းဒေသအနေဖြင့် အရေးပါသည့် အဓိကအချက်အချာဒေသတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း။

အခြေခံကောင်းများ

ထို့အပြင် တနိုင်းမြို့နယ်အတွင်း မြစ်ချောင်းများ ပေါများသည့် အလျောက် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများနှင့်လည်း ပြည့်စုံကြောင်း၊ ထို့ကြောင့် တနိုင်းမြို့နယ်၏ အနေအထားသည် ဒေသစီးပွားတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြေခံကောင်းများ ပြည့်စုံမှုရှိနေကြောင်း။

ယနေ့ နိုင်ငံတော် အစိုးရက နိုင်ငံတော်အနှံ့အပြား ဒေသအားလုံးတွင် စီးပွားရေးဖြစ်ထွန်းစေမည့် ဆည်မြောင်း၊တာတမံ၊ လမ်း၊ တံတား၊ လေဆိပ်၊ ဆိပ်ကမ်းများကိုလည်းကောင်း၊ ပညာရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်နိုင်ရေးအတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်များ၊ ဆေးရုံ၊ ဆေးပေးခန်းစသည့် အခြေခံအဆောက်အအုံများစွာကို တည်ထောင်ဖွင့်လှစ်ပေးထားပြီးဖြစ်ရာ တိုင်းရင်းသားအားလုံးအနေဖြင့် မိမိတို့ရရှိနေသည့် အခြေခံကောင်းများကို ထိထိမိမိအကျိုးရှိရှိ အသုံးချရန် မှာကြားလိုကြောင်း၊ မိမိတစ်ဦးချင်း၏ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်းသည် မိမိအတွက်သာမက ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ အကျိုးသက်ရောက်ဖြစ်ထွန်းစေနိုင်မည်ဖြစ်၍ နိုင်ငံတော်က ပံ့ပိုးကူညီတွန်းအားပေးဆောင်ရွက်နေသည့် အချိန်အခါကောင်းကို လက်လွတ်မခံဘဲ ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ဆေးပဒေသာပင်လှူဒါန်း

ယင်းနောက် ဝန်ကြီးချုပ်က လူမှုရေး အသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများ၊ ပံ့ပိုးငွေနှင့် ဆေးပဒေသာပင်အတွက် လှူဒါန်းငွေများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများထံ ပေးအပ်သည်။

ဆက်လက်၍ Jade Land Co.,မှ ဦးယွပ်ဇော်ခေါင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် သိန်း ၃၀ ကို မြို့နယ်ဥက္ကဋ္ဌထံ ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးချုပ်သည် တက်ရောက်လာသူများအား သိရှိလိုသည်များကို မေးမြန်းပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ လက်ထောက်မြို့နယ် ဆရာဝန် ဒေါက်တာစိုင်းထွန်းနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများက ကြိုဆိုကြပြီး ဝန်ကြီးချုပ်က ကျန်းမာရေး ပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကုသမှုအခြေအနေများကို မေးမြန်းပြီး ဆရာဝန်နှင့် သူနာပြုဆရာမများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအတွက် ပံ့ပိုးငွေများကို သူနာပြုဆရာမကြီးထံ ပေးအပ်သည်။

မှတ်တမ်းဓာတ်ပုံများကြည့်ရှု

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သစ်တောဦးစီးဌာန ဟူးကောင်း ကျားထိန်းသိမ်းရေး နယ်မြေပြတိုက်သို့ ရောက်ရှိကြပြီး ပြတိုက်၌ ပြသထားသော ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ခါကာဘိုရာဇီနှင့် ဟူးကောင်းချိုင့်ဝှမ်းသို့ ရောက်ရှိသည့် ဧည့်သည်တော်များနှင့် ပညာရှင်များ၊ ကျားနှင့်ဆင် လေ့လာစာရင်းကောက်ယူရေး သုတေသနကျွမ်းကျင်မှု သင်တန်း၊ နယ်လှည့်ပညာပေးလုပ်ငန်း၊ ကင်မရာထောင်ချောက်ဖြင့် ရရှိသော ကျားဓာတ်ပုံများ၊ ကင်မရာထောင်ချောက်ဖြင့်ရရှိသော နို့တိုက်သတ္တဝါများ၊ ဟူးကောင်းဒေသတွင် တွေ့ရသော ရှားပါးငှက်မျိုးစိတ်များနှင့် ဟူးကောင်းဒေသတွင်တွေ့ရသော ရေပျော်ငှက်မျိုးစိတ်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးသည်။

သစ်တောရေးရာဝန်ကြီးဌာနက ၂၀၀၁ခုနှစ် ဧပြီ၃ရက်တွင် ဟူးကောင်းချိုင့်ဝှမ်းကို ဘေးမဲ့တောအဖြစ် ရည်ရွယ်ကြောင်း ကြေညာခဲ့ပြီး ၂၀၀၄ ခုနှစ် ဇွန်လတွင် စတုရန်းမိုင် ၂၄၆၀ ရှိသော ဧရိယာကို ဘေးမဲ့တောအဖြစ် သတ်မှတ်ကြေညာခဲ့သည်။ ဘေးမဲ့တော၏ ဆက်စပ်ဧရိယာများကို ကျားထိန်းသိမ်းရေး နယ်မြေအဖြစ် တိုးချဲ့စီမံအုပ်ချုပ်ရန် ၂၀၀၄ခုနှစ် မတ်၁ရက်တွင် ၅၉၅၈ စတုရန်းမိုင်ကို ဟူးကောင်း ချိုင့်ဝှမ်း ဘေးမဲ့တော(တိုးချဲ့)အဖြစ် ကြေညာခဲ့သည်။

လက်တွဲပူးပေါင်း

ဟူးကောင်း ကျားထိန်းသိမ်းရေးနယ်မြေကို လူနှင့်ကျားတို့ အတူယှဉ်တွဲနေထိုင်နိုင်စွမ်းရှိသော စံနမူနာ သဘာဝနယ်မြေတစ်ခုအဖြစ် ဒေသခံလူထု၏ လက်တွဲပူးပေါင်းမှုကို ရယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ၁နာရီတွင် ဖားကန့်မြို့နယ် နောင်မီးစခန်းရှိ ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းသို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်သည် ယုဇနဘက်စုံစိုက်ပျိုးရေးက ကျင်းပသည့် ပီလောပီနံစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကာ စိုက်ပျိုးရေးလုပ်သားများသို့ ပီလောပီနံမျိုးကိုင်းများကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးများနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက စိုက်ပျိုးရေးလုပ်သားများအား ပီလောပီနံ မျိုးကိုင်းများကို ဆက်လက်ပေးအပ်ကြသည်။

စိုက်ပျိုးနေမှုအခြေအနေ

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှုရပ်မျှော်စင်မှ မြေယာပြုပြင်ထားမှု၊ ကြံနှင့်ပီလောပီနံများ စိုက်ပျိုးထားမှု၊ စက်ယန္တရားများဖြင့် ကြံစိုက်ပျိုးနေမှုနှင့် လုပ်သားအင်အားဖြင့် စုပေါင်းပီလောပီနံ စိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ပြသထားသော ကြံအမျိုးအစားများနှင့် ပီလောပီနံအမျိုးအစားများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်အား ဗလမင်းထင်ခန်းမ၌ ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က ယုဇနစိုက်ပျိုးရေးစီမံကိန်း၏ ရည်ရွယ်ချက်၊ မြေရယူထားမှု၊ သီးနှံများစိုက်ပျိုးမှုနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားမှု၊ မြေဖော်ထုတ်ပြီးစီးမှု၊ စိုက်ပျိုးရေးအခြေခံစက်မှုဇုန်အဖြစ် တည်ဆောက်နေမှု၊ နှစ်အလိုက်စိုက်ဧကများ ဖော်ထုတ်သွားမည့် လျာထားချက်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကူညီဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က စိုက်ပျိုးရေးကုန်ကြမ်းထွက်ရှိသည်နှင့်တစ်ပြိုင်နက်တည်း ကုန်ချောထုတ်လုပ်နိုင်ရန်အတွက် စက်ရုံတည်ဆောက်သွားရန် ဒေသဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရန်နှင့် ဒေသနေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာပြန့်ပွားအောင် ကူညီဆောင်ရွက်သွားရန် မှာကြားသည်။

ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းသည် ကချင်ပြည်နယ် ဖားကန့်မြို့နယ်နှင့် တနိုင်းမြို့နယ်များရှိ မြေလွတ်မြေရိုင်းများတွင် မြေယာဖော်ထုတ်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မြေဧက ၁၇၁၀၀ ဖော်ထုတ်ပြီးစီးလျက်ရှိပြီး ကြံ၊ ပီလောပီနံ၊ ပြောင်း၊ ပဲပုပ်၊ စပါးနှင့် အခြားသီးနှံများ စုစုပေါင်းဧက ၆၁၇၀ စိုက်ပျိုးပြီးကြောင်း သိရှိရသည်။

စတင်တည်ဆောက်

ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရေးအတွက် ပီလောပီနံကော်မှုန့်စက်ရုံ၊ သကြားစက်ရုံ၊ အီသနော စက်ရုံနှင့် သဘာဝဓာတ်မြေဩဇာစက်ရုံများကို စတင်တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် ငါး၊ ဝက်နှင့် နွားမွေးမြူသည့် လုပ်ငန်းများပါ တွဲဖက်ဆောင်ရွက်ရန်ရှိကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် နောင်မီးစခန်းမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ညနေ ၃ နာရီတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

ဝတ်စုံများပေးအပ်

ထို့နောက် ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံပြီး မြစ်ကြီးနားမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားဖမ်းစက်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် ဝတ်စုံများနှင့် တံဆိပ်များ၊ ပညာရေးဌာနအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် စာရေးကိရိယာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆေးပဒေသာပင်အတွက် ပံ့ပိုးလှူဒါန်းငွေကျပ်သိန်း ၂၀ တို့ကို တာဝန် ရှိသူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကချင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနအတွက် အားကစားပစ္စည်းများနှင့် ကျန်းမာရေးဌာနအတွက် ဆေးနှင့် ဆေးဝါးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

မေးမြန်းမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး နယ်မြေအတွင်း အပြင်းဖျားသည့်ရောဂါများအခြေအနေ၊ ကျန်းမာရေးပညာပေးခြင်း၊ ဆရာဝန်များနှင့် သူနာပြုဆရာမများအား အခြေခံကာကွယ်ခြင်းနှင့် ကုသမှုအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆေးရုံအုပ်ကြီးတို့ထံ ရုပ်မြင်သံကြားဖမ်းစက်နှင့် အဝတ်အထည်များကို ပေးအပ်သည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇန်နဝါရီ၂၀ရက် မွန်းလွဲပိုင်းတွင် ပန်ဆောင်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့လည်းကောင်း၊ ဇန်နဝါ ရီ၂၁ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၁)၊ အမှတ်(၂)နှင့် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ကြီးကြပ်ရေးရုံးများကိုလည်းကောင်း၊ ဇန်နဝါရီ ၂၂ရက်တွင် ပူတာအိုမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် နယ်စပ်ဒေသ အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း၊ ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် နယ်လှည့်ဒေသဖွံ့ဖြိုးရေးရုံးများကိုလည်းကောင်း၊ ဇန်နဝါရီ၂၃ရက်တွင် နောင်မွန်မြို့ နယ်စပ်စည်ပင်သာယာရေးအဖွဲ့ရုံးကိုလည်းကောင်း၊ ဇန်နဝါရီ၂၄ရက်တွင် တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် နယ်လှည့်ဒေသဖွံ့ဖြိုးရေးရုံးတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ပညာရည်မြင့်မားရေး၊ မြို့များသန့်ရှင်းသာယာလှပရေး၊ ကျေးလက်လမ်းနှင့် ကျေးလက်သောက်သုံးရေရရှိရေးလုပ်ငန်းများကို အသေးစိတ်မှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် ဇန်နဝါရီ၂၃ရက် ညနေပိုင်းတွင် တနိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံပြီး စည်းရုံးရေးကိစ္စများ၊ လူမှုရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စိုက်ပျိုးထားသော ရာသီပန်းပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် တနိုင်းမြို့ရှိ ဂြိုဟ်တုဆက်သွယ်ရေးစခန်းနှင့် စာတိုက်နှင့်ကြေးနန်းစခန်းဝင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ခရီးစဉ်ရောက်ရှိသည့် မြို့များ၌ မိမိတို့နှင့် သက်ဆိုင်ရာဌာနများသို့ သွားရောက်ကြပြီး ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ **(သတင်းစဉ်)**

မြခွာညိုနှင့် လပြာသို

ရွှေဘို သီရိမာလာ

ဒေါင်းဗဟီနဘောကွန့်လို့၊ ဟေမဝန့်ကန္တာ၊ လေတသွန့်ပြန်လာသည်၊ စန္ဒာရာမြနန်း၊ ကြယ်ဖုသျှတဘက်ကာသည်၊ ကက္ကဋ္ဌာဝန်းရံလို့မြန်း၊ မကာရလပြာသို၊ မြခွာညိုနွှယ်ပန်း၊ ညှာစိုင်ဝေလန်းလို့၊ ရွှေမကာရ်း မြူးပျော်၊ ဂဇာသိန်သဘင်ကျမ်း၊ ရွှေခပင်းရွှေမြင်းခင်းတော်။ ငွေနှင်းဥ လေညင်းဆော်သည်၊ ရေကင်းတော် ကျူးလှဲ့လို့ သုံးဆယ်ခြောက် ညဥ့် နာရီလှုံ၊ နန်းကြီးရွှေဘုံ၊ ဆောင်းဟေမန်သည်ချမ်းပုံငယ်၊ ထည်ကွမ်းတုံ ခြုံထွေးရလေ။

ပြာသိုလအကြောင်း စာဆိုတော်ဦးကြော့က ဖွဲ့နွဲ့ထားသည်။

ပြာသိုလသည် မြန်မာပြည်ရာသီဥတုအရ အအေးဆုံးဖြစ်သည်။ မကာရရာသီဖြစ်၍ စန်းပြည့်နက္ခတ်မှာ ဖုသျှနက္ခတ်ဖြစ်ပါသည်။ ယှဉ်သော တာရာမှာ ပုစွန်တာရာဖြစ်ပြီး ရာသီရုပ်မှာ ရေထမ်းသမားရုပ်ဖြစ်သည်။ ရာသီပန်းကား ခွာညိုပန်းဖြစ်၍ ရာသီပွဲတော်ကား မြင်းခင်းပွဲတော်ဖြစ်သည်။ ပြာသိုလတွင် ရှေးခေတ်သုံး မြန်မာနာရီ နေ့၂၄နာရီရှိ၍ ညဥ့်၃၆နာရီ ရှိသဖြင့် နေ့တာတိုလွန်းသည်။ ထိုလကို ရှေးမြန်မာများ စံချိန်သတ်မှတ် ချက်အရ နေမွန်းတည့် ဖဖဝါးရှိသောလ ဖြစ်သည်။

ငွေနှင်းနှင်းစိုစို၊ ခွာညိုတသင်းသင်း၊ ခြေခင်းလက်ခင်းသာယာချိန် တွင် ရှေးဘုရင်မင်းမြတ်တို့၏ မြင်းစီးသူရဲကောင်း ဓားရေး၊ လှံရေးကောင်း ယောကျ်ားကောင်းများ ရွေးချယ်ပွဲကို ပြာသိုလ၏ရာသီပွဲတော်အဖြစ် ကျင်းပလေ့ရှိသည်။ ပြာသိုလနှင့်စပ်လျဉ်း၍ စာဆို မဟာအတုလ မင်းကြီးက **"တိမ်ခြေငယ်ရှင်းပါလို့ မြူနှင်းငယ်စိုစို၊ လပြာသိုမှာ နွယ်ခွာညို မြိုင်မြိုင်နှင့် လှိုင်လှိုင်သင်းတဲ့လကိုလေး၊ ရောင်သင်္ဂီငယ်၊ ကြယ်ဖုသျှ၊ မကာရမို့၊ ရွှေဝဥကင်၊ နန်းရင်ပြင်မှာ၊ လှံရှင်မြင်းခင်း၊ သဘင်ကျင်းလို့၊ ရာမင်းထွက်စံ၊ ဗိုလ်ညီလာခံသောအခါ၊ ဆန္ဒနိပိုင် ပြောင်မွန်မှာ၊ အောင်တံခွန် တောဇာမြူးလို့၊ ထူးလှတယ်လေး"**ဟုလည်းကောင်း၊ စာဆိုတော် မယ်ခွေက **"မီးပူပူကင်းမရသည့်၊ လပြာသို ဆောင်း၊ ထည်ပေါင်းမှ ထောင်ရာ၊ ခြုံလေအေးလေ၊ ကြက်သီးတွေနှင့်"**ဟု လည်းကောင်း ဖွဲ့ဆိုခဲ့ကြပေသည်။

ပြာသိုလနှင့်ပတ်သက်၍ မှတ်စုအချို့ကိုတင်ပြရလျှင် –

(၁) ပြာသိုလ (၁)ပျားဖယောင်းလ၊ ပျားဖယောင်း စု၍အရဆုံးသောလ(ပ္လသိုဝ်၊ ပ္လါသိုဝ်-ပြာသို-ပြာသို။ ပ-တောက်လောင်ခြင်းလ၊ လာဖယောင်း။ လာအဆီ) မြန်မာလအမည်များ စာအုပ်။

(၂) ဖုသျှနက္ခတ်နှင့်ယှဉ်၍ လပြည့်သောလ။ (ပေါသီ-ပြောသီ-ပြာသို) ဝေါဟာရလီနတ္ထဒီပနီ။

(၃) အခြားလများထက်ပို၍ ချမ်းအေးသောလ(ပရသီတလ-ပြာသို) ဝေါဟာရလီနတ္ထဒီပနီ။

(၄) ပျားသွန်သောလ၊ မီးဖိုကပြာ မသွန်ကောင်းသောလ အချို့ ပညာရှင်များအဆို။

ဤသည်မှာ ပြာသိုလနှင့် ပတ်သက်သော ရှေးပညာရှင်များ အယူအဆများ ဖြစ်ပါသည်။

ရှေးမြန်မာမင်းများ လက်ထက်တော်အခါက ပြာသိုလတွင် မြင်းခင်း သဘင် ကျင်းပလေ့ရှိသည်။ ထိုပွဲတော်ကား အခြားပွဲတော်များကဲ့သို့ ရက်ပိုင်းမျှ ကျင်းပသော ပွဲတော်မျိုး မဟုတ်ပေ။ ပြာသိုလ တစ်လလုံး ကျင်းပလေ့ရှိသော မြင်းခင်းသဘင်ဟု အမည်ပေးထားသော်လည်း မြင်းခင်း တစ်ခုတည်းသာ မဟုတ်ပေ။ ဆင်ခင်း၊ မြင်းခင်း၊ လေးခင်း၊ ဓားခုတ်၊ လှံထိုး၊ ဒူးလေးပစ်၊ လင်းလေးပစ်၊ ဆင်တိုက်၊ မြင်းပြေး၊ သေနတ်ပစ်၊ အမြောက်ပစ်၊ စက်ထိုး၊ ဗလိခတ်စသည် ကြည်းတပ်တို့၏ တိုက်ခိုက်နည်း အမျိုးမျိုး ပါဝင်သည့်အပြင် သိုင်းအမျိုးမျိုးကိုလည်း တစ်ပွဲပြီးတစ်ပွဲ ကျင်းပသွားခြင်းဖြစ်သည်။ မြင်းခင်းသဘင်ကိုပင် စစ်ထိုးပွဲ၊ စက်ပစ်ပွဲ၊ စက်သွင်းပွဲဟူ၍လည်း ခေါ်ကြသည်။ အလွန်စည်ကားသောပွဲဖြစ်၍ မဟာဓမ္မသင်္ကြန်က **"ခွာပြာလေ့ မလ္လာလေ ဂန္ဓာ ကြိုင်သင်း၊ ဂေါ်ဇင်ပင်မြင့် မင်းငယ်လေး၊ မြင်းခင်းအောင်ဇေယျာတည်မှ ပယ်ဝန်းစီးပုံ ဟန်"** ဟူ၍ လ၏ တင့်တယ်သာယာမှုသာမက မြင်းစီးပုံကိုပါ ဖော်ပြရေးဖွဲ့ထားပေသည်။

ပြာသိုလ နံနက်ခင်း၏ ဆောင်းလေအေးတွင် စက်တိုင်များထိပ်ရှိ ကြက်လျှာတံခွန် အနီရောင်များမှာ လွင့်မြူးနေကြသည်။ ကကြိုးတန်ဆာ စုံလင်စွာ ဆင်ယင်ထားသော မြင်းချောမြင်းလှ မြင်းကောင်းမြင်းသန့်များမှာ လည်တမော့မော့ ခွာတရှပ်ရှပ် နှာတမှုတ်မှုတ်ဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

အဖန်ဖန် လေ့ကျင့်ထားသော်လည်း ပရိသတ်ကို ကြောက်ပြီး ခုန်ပေါက်၍ ထွက်ပြေးသော မြင်းရှိလျှင် ဖမ်းဆီးသိမ်းယူရန် မြင်းဝန် စာရေး၊ မြင်းတော်မှူး၊ မြင်းတော်ခံများသည် ဝတ်ကောင်းဝတ်သန့်ဖြင့် အသင့်ရှိနေကြသည်။ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ အရာရှိ အရာခံစသော နန်းတော်အမှုထမ်း၊ လွှတ်တော်အမှုထမ်း၊ ဗြဲတိုက်တော် အမှုထမ်းတို့၏ အလှည့်ပြီးလျှင် မင်းတပ်၏ အလှည့်ဖြစ်သည်။

အက္ကပတ်မြင်းတပ်၊ ကသည်းမြင်းတပ်မှ တပ်ဗိုလ်စစ်ကဲနှင့် အခြား အဆင့် အရာထမ်းများနှင့် အမှုထမ်းများ၏ စွမ်းရည်ပြပွဲကား စက်ကွင်း ပွဲနှင့်မဆိုင် သီးခြားဖြစ်သည်။ မြင်းရေး ၃၇ ရေးကို ဆက်လက်စီးပြသည်။ မြင်းချင်းတေးသီချင်းကို တီးမှုတ်ပြကြသည်။ ထို့နောက် ရေပြည့် အိုးငယ်များ တင်ထားသော ငှက်ပျောပင်တိုတိုများကို မြင်းနှင့် ဒုန်းစိုင်း ပြေးလာရင်း ခုတ်ကြရသည်။ ငှက်ပျောပင်လည်း မလဲရ၊ ရေအိုးလည်း အောက်သို့ မကျရပါချေ။ ဓားခုတ်ရာကို ကြည့်သောအခါ တိတိရိရိပြတ်ပြီး အပင်မလဲ အိုးမမှောက်ဘဲ တည်ရှိနေလျှင် လူရည်ချွန်အဖြစ် ဩဘာ ပေးခြင်းခံရ၍ ဆုတော်များရရှိသည်။

နောက်တစ်မျိုးမှာ မြင်းကို ဒုန်းစီးလာရင်း ဘုရင့်ရှေ့မှောက်သို့ ရောက်သော် ရောက်သီးတစ်လုံးကို အထက်သို့ မြှောက်ပေးလိုက်သည်။ ထိုအခါ မြင်းပေါ်က မင်းသားက ပြေးရင်းပင် လှံဖြင့် ထိုးယူလိုက်သည်။ ယင်းသို့ မင်းသားများကုန်အောင် စွမ်းရည်ပြပြီးနောက် မြင်းခြောက်စီးတွဲ ထွက်လာ၍ မြေပေါ်သို့ ရောက်သီးလုံးများကို လှံဖြင့်ထိုးယူပြီး အထက်သို့ မြှောက်ပစ်လိုက်ရသည်။ အောက်သို့ ပြန်ကျသောအခါ ရောက်သီးလုံး များကို လှံဖြင့်ခံ၍ စိုက်ဝင်အောင်လုပ်ကြရသည်။ တစ်ခါတစ်ရံ လှံဖျား တွင် ပုတီးစေ့များ သီထားသကဲ့သို့ ရောက်သီး ၁၀ လုံး၊ ၁၂ လုံးအထိ ရရှိကြသည်။ ထိုသူများကို ဆုများပေးတော်မူသည်။

စက်ကွင်းလှံထိုးပွဲ ထူးချွန်သူများသည် ကွင်းတစ်ပတ်ပတ်၍ မင်း၊ မိဖုရားရှေ့တော်မှောက်သို့ မြင်းစီးလျက်ပင် ဟန်ရေးလှလှနှင့် ဝင်ရောက် လာသည်။ ထိုအခါ မိဖုရားကြီးက ရွှေကြင်ခတ်ပဝါပစ်ပေး၍ ဂုဏ်ပြု သည်။ မင်းသမီးများက ပန်းများပစ်ပေးကြသည်။ ရွှေကြင်ခတ်ပဝါကို ရင်တွင် စည်း၍ ပန်းများကို နားတွင် ပန်းဆင်ကာ ရှေ့တော်သို့ တစ်ပတ်ပတ်၍ ဝင်ရသည်။ ထိုအခါ မင်းပရိသတ်က သောင်းသောင်း ဖြဖြ ဩဘာပေးကြသည်။ ဆုတော်လာဘ်တော်များမှာ ပိုးပုဆိုး၊ ဖဲပဝါ၊ ပိုးပန်း ပဝါ၊ ပုစွန်တုပ်ခေါင်းပေါင်း၊ ဂွမ်းခံအင်္ကျီ စသည်တို့ ဖြစ်သည်။

ဤမြင်းခင်းသဘင်နှင့်အတူ မြင်းရေး၃၇ ရေးပြသည့်အပြင် လေးပစ် ခြင်း စွမ်းရည်ပြပွဲ၊ သိုင်းဗန်တိုဗန်ရှည် စသည် ကာကွယ်မှုများ၊ ဆင် စစ်သည်များ၏ စွမ်းရည်၊ သေနတ်ပစ်စွမ်းရည်၊ စက်ကွင်းလှံထိုးပွဲ၊ ဓားခုတ်ပွဲပြိုင်ပွဲများသည် ရှေးဘုရင်များဦးစီး၍ လုပ်ဆောင်ခဲ့သည်။

ဘုရင်မင်းမြတ်ရှေ့တော်တွင် စက်ထိုးပွဲဆင်နွှဲရန် အကြိမ်ကြိမ် ကြိုတင်လေ့ကျင့်ထားရသည်။ သို့တိုင် ကံမကောင်း အကြောင်းမလှ သူများရှိသေးသည်။ လွဲချော်သူများရှိခဲ့ဖူးသည်။ ထိုသူကား မင်းပရိသတ် ဗိုလ်ပါအလယ်တွင် အရှက်ကြီး ရှက်ရတော့သည်။ စက်ကွင်းထိုးစဉ် စက်ဝတ်တန်ဆာပျက်ယွင်းသူ၊ မြင်းပေါ်က လိမ့်ကျသူ၊ ပစ်လွှတ်သော လှံလျှင်စက်တိုင်သို့ မရောက်သူတို့ အဝတ်အစားတင်းကျပ်စွာ မဝတ်၍ ပုဆိုးကျွတ်ခြင်း၊ ဓားကျွတ်ခြင်း၊ ပေါင်းထုပ်ကျွတ်ခြင်း စသည်တို့ ကြုံကြရသည်။ မြင်းကိုစိုင်းနှင်ပြီးခါမှ စက်တိုင်အနီးအရောက်တွင် ပြန်လှည့်လာသူများအား မင်းပြစ်မင်းဒဏ် ခံရသည်။

စွမ်းအားပြ ဟန်မကျလျှင်လည်း အရှက်ကွဲရသည့်နည်းတူ ထူးခြားပြောင်မြောက်စွာ အစွမ်းပြနိုင်လျှင်လည်း ဘုရင်မင်းမြတ် သဘော ကျပါက ပေးရိုးပေးစဉ် ဆုလာဘ်များအပြင် မြို့စား၊ ရွာစားရခြင်း၊ သမီးတော်များနှင့် ထိမ်းမြားပေးသည်အထိ ချီးမြှောက်ခံရလေသည်။

ပြာသိုလ၏ မြင်းခင်းသဘင်သည် ကြည်နူးအားတက်ဖွယ် မြန်မာမှု ပွဲတော်တစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တာမွေ ကျောက်မြောင်း ဓမ္မစိန္တာလမ်းနေ ဦးကျော်မောင်-ဒေါ်အုန်းကြည်မိသားစုက လစဉ်စုဆောင်း၍ ရန်ကင်းပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူငွေကျပ်သိန်း၂၀ကို ရွှေပြည်ဟိန်းဆရာတော်ထံ ရေစက်ချလှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံစဉ်။ (က-ပ)

အရှင်နန္ဒာသိရီ (ရေဦး) တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၅

မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် မိုးကုတ်ရိပ်သာ ပုပ္ပား(၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒာသိရီသည် ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိအဖွဲ့ခွဲ(၄၇၉) ဇိန်ဇွန်းရွာ ရေဦးမြို့၊ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ သမန်းရေကျော်ရွာ မြောင်းမြမြို့၊ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၂ ရက်အထိ အဖွဲ့ခွဲ (၂၃၇) မြောင်းတကာ မှော်ဘီမြို့၊ မတ် ၇ ရက်မှ ၁၃ ရက်အထိ သရက်ကုန်း စကား မြားရွာ မြောင်းမြမြို့၊ မတ်၁၅ရက်မှ ၁၇ရက်အထိ ဂရုံသာယာအေးရွာ သာယာဝတီမြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်သစ္စာလေးပါး တရားတော်များဟောကြားမည်ဖြစ်ရာ ဖုန်း-၆၉၀၀၅၄ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

လှိုင်မြို့နယ်တွင် စာပေဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၅

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ကြီးကြပ်မှုဖြင့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ၂၀ရက်က စရီမာရီယမ္မာန်ဘုရားကျောင်း မီးနင်းကွင်း၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း(မောင်သက်အောင်)က အဖွင့်အမှာစကား ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမင်း၊ စာပေဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီနာယက ဦးသန်းအောင်၊ ဦးချစ်တင်(ထက်မြက်အောင်ရွှေဆိုင်)တို့က အလှူငွေများ လှူဒါန်းရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြတ်စိုး(လှိုင်)တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြု

ဆက်လက်၍ စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာသာဂဒိုး၊ ဆရာ ချစ်ဦးညိုနှင့် စာရေးဆရာ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီသုမောင်တို့က အသီးသီး ဟောပြောကြပြီး အမှတ်(၉) ရပ်ကွက်ဥက္ကဋ္ဌက ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

(၁၂၈)

ဇန်နဝါရီ၁၁ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အမက(၂၃)မှူလွန်၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးဘညွန့်(စာရေးဆရာ ကျွန်းစဉ်မြေ-စောခက်)က ကျောင်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၁၀သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်လွင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် အမှတ်၇၄ လသာ မြို့နယ်နေ ဦးကျို့ရ-ဒေါ်ဟုန်မြင့်အား ရည်စူး၍ သမီး မမြမြဝင်းက အလှူငွေကျပ် ၂၂၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

26-1 (10) 1 1/26/08, 1:57 AM

မြန်မာ့ဂီတ သမိုင်းစာမျက်နှာများတွင် အောင်မြင်ကျော်ကြားခဲ့သော ဂီတလုလင် ဦးကိုကို၏ ဘဝတစ်ကွေ့မှ ပုံရိပ်များ

ပြန်လည်ဆန်းသစ်မေးမြန်းသူ- မြင့်မောင်စိုး　　ဓာတ်ပုံမှတ်တမ်းပြု- သိန်းဝင်းလေး(မြန်မာ့အလင်း)　　စာမျက်နှာပွဲ့စည်းမှု- ထိန်လင်း

ရန်ကုန်　ဇန်နဝါရီ　၂၅

မြန်မာနိုင်ငံ၌ ရှင်သန်ထွန်းကားခဲ့သော ဂီတ၊ ပြဇာတ်နှင့်ရုပ်ရှင် စသော အနုပညာရေစီးကြောင်းတွင် ထင်ပေါ်ကျော်ကြားခဲ့သော ပုဂ္ဂိုလ်များတွင် ဂီတလုလင် ဦးကိုကိုလည်း အပါအဝင်ဖြစ်သည်။

ဂီတလုလင်ဦးကိုကို(ခ) မောင်ကိုကိုအား ဧရာဝတီတိုင်း ဘိုကလေးမြို့ စတီးဘရားသား ပွဲစားကြီးဦးဘသင်–ဒေါ်ဖွားသိန်းတို့က မွေးဖွားခဲ့သည့် ပဉ္စမ မြောက်သားဖြစ်သည်။

ဦးကိုကိုသည် ငယ်စဉ်ကတည်းကပင် ဂီတကိုဝါသနာထုံသူပီပီ ဂီတအခြေခံသင်တန်းကို ၁၉၃၉ ခုနှစ်က ရန်ကုန်မြို့တွင် ဖွင့်လှစ်သော ပန်းချီနှင့် တူရိယာသင်တန်းကျောင်း၌ တက်ရောက် ပညာဆည်းပူးခဲ့သူဖြစ်သည်။ ထိုအချိန်မှစ၍ မောင်ကိုကိုသည် ဂီတလုလင်မောင်ကိုကို၊ ဂီတလုလင် ဦးကိုကို စသော နာမည်များဖြင့် ဂီတ၊ ပြဇာတ်၊ ရုပ်ရှင်နယ်ပယ်တို့တွင် အောင်မြင်ကျော်ကြားလာခဲ့သည်။

ယဉ်ကျေးမှုအမွေအနှစ်

မြန်မာ့ဂီတ၊ မြန်မာ့ရိုးရာပြဇာတ်၊ ကဇာတ်နှင့် ရုပ်ရှင်စသော အနုပညာနယ်ပယ်တို့တွင် ယဉ်ကျေးမှုအမွေအနှစ်များ လက်ဆင့်ကမ်း အမွေပေးခဲ့သည့်

တစ်ချိန်သောအခါက ဂီတလုလင် ဦးကိုကိုနှင့် အဆိုတော် မောင်မောင်ကြီးတို့ သီဆိုလေ့ကျင့်မှုကို ဤသို့ အမှတ်တရ တွေ့ရသည်။

ဦးကိုကို၏ အောင်မြင်ကျော်ကြားမှုများကို သိရှိတင်ပြနိုင်ရန် ဂီတလုလင်ဦးကိုကို၏ အစ်ကိုရင်းဖြစ်သည့် ဗိုလ်ကလေးတင့်အောင်နေထိုင်ရာ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ် ၉၁ရှိ နေအိမ်သို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်မေးမြန်းခဲ့ပါသည်။

ပါရမီထူး

အဘ ဗိုလ်ကလေးတင့်အောင်က ပြောပြသည်မှာ **"မောင်ကိုကိုဟာ ဂီတနဲ့ ပတ်သက်ပြီး ပါရမီထူးတဲ့သူတစ်ယောက်ပါ။ သူ့အသက်ကိုးနှစ်ကစပြီး ပန်းချီနှင့် တူရိယာသင်တန်းကျောင်းမှာ တက်ရောက် ပညာသင်ကြားခဲ့ပါတယ်။ အသက်အရွယ်နဲ့မလိုက်အောင် ဂီတပညာမှာထူးချွန်လို့ မောင်ကိုကိုတူရိယာအဖွဲ့ကိုတောင် တည်ထောင်နိုင်ခဲ့ပါတယ်။ ဒီနောက် သူ့ရဲ့ကြိုးစားမှု၊ ရိုးသားမှုများက အောင်မြင်တဲ့ ဂီတသမားတစ်ယောက်အဖြစ် ရပ်တည်နိုင်လာပါတယ်။**

သူဟာ ၁၉၄၁ခုနှစ်က စပြီး တစ်ပတ်လျှင် တစ်ကြိမ် မြန်မာသီချင်းကြီးများကို ပတ္တလား တူရိယာဖြင့် တီးခတ်လျက် အသံလွှင့်ဌာနကထုတ်လွှင့်ခဲ့ပါတယ်။ ကိုလံဘီယာ ဓာတ်ပြားကုမ္ပဏီမှာလဲ မြန်မာသီချင်းကြီးများ အသံသွင်းခဲ့ပါတယ်။

မောင်ကိုကိုဟာ ၁၉၄၅ခုနှစ်က စပြီး အသံတိတ် မြန်မာရုပ်ရှင်ကားများမှာ စန္ဒရားနဲ့နောက်ခံတေးဂီတ တီးခတ်ပေးခဲ့သူ ဖြစ်ပါတယ်။ အဲဒီနောက်သူဟာ ၁၉၄၆ခုနှစ်ကစပြီး မြန်မာစင်တင်ပြဇာတ်များမှာ တူရိယာအဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၄၈ခုနှစ်မှာတော့ အသံထွက် မြန်မာရုပ်ရှင်ကားတွေမှာ တူရိယာအဖွဲ့ကို ဂီတ ဒါရိုက်တာအဖြစ် ဦးဆောင်ပြီး တေးသီချင်းများကိုလဲ ကိုယ်တိုင် ရေးစပ်ခဲ့ပါတယ်။ သူကွယ်လွန်တဲ့အထိ ရုပ်ရှင် တေးပေါင်း ၂၀၀၀ကျော် ရေးသားနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၅၀ပြည့်လွန်နှစ်များက ပြဇာတ်များ ထွန်းကားခဲ့ပါတယ်။ အဲဒီခေတ်က ဝင်းဝင်းပြဇာတ်ဟာ အထင်ရှားဆုံး ပြဇာတ်အဖွဲ့ပါပဲ။ အဲဒီ ဝင်းဝင်းပြဇာတ်ကို ဒဂုံဆရာတင် ဦးဆောင်ပြီးတော့ ဒါရိုက်တာလုပ်ပါတယ်။ ကျွန်တော်က အဲဒီတုန်းက တွဲဖက် ဒါရိုက်တာလုပ်ပါတယ်။

ဝင်းဝင်းပြဇာတ်

မောင်ကိုကိုကတော့ ဝင်းဝင်းပြဇာတ်မှာ တေးဂီတ ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီတုန်းက မောင်ကိုကိုဟာ ဝင်းဝင်းပြဇာတ်ရဲ့ ဂီတအပိုင်းကို တာဝန်ယူ လုပ်ဆောင်လာနိုင်တာကြောင့် ဒဂုံဆရာတင်က သူ့ကို ဂီတလုလင်မောင်ကိုကိုလို့ အမည်ပေးခဲ့ပါတယ်။

ကျွန်တော့်ကိုလဲ ဘယ်လို အမည်ပေးရရင်ကောင်းမလဲလို့ ဒဂုံဆရာတင်က မေးပါတယ်။ အဲဒီမှာ ကျွန်တော်က ကျွန်တော့်မြို့ဘိုကလေးကို ကိုယ်စားပြုစေချင်တယ်ဆရာလို့ ပြောတော့ ဒဂုံဆရာတင်က ကျွန်တော့်ကို ဗိုလ်ကလေး တင့်အောင်လို့ အမည်ပေးခဲ့ပါတယ်။

အဲဒီ ဝင်းဝင်းပြဇာတ်တုန်းက မောင်ကိုကိုက ဂီတ ဒါရိုက်တာလဲ လုပ်၊ သီချင်းလဲ အပုဒ်၅၀၀လောက် ရေးခဲ့ပါတယ်။ သူဟာ ပြဇာတ်ခေတ်မှာ ဂီတလုံမေ၊ ချစ်ကမ္ဘာဆီသို့၊ သူ ကတော့ မေ့ပါပြီ ပြဇာတ်တွေမှာလဲ ဒါရိုက်တာအဖြစ် လုပ်ခဲ့ပါသေးတယ်"ဟု အဘ ဗိုလ်ကလေးတင့်အောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

အဘ ဗိုလ်ကလေးတင့်အောင်က ဦးကိုကို တီးခတ်နိုင်သော တူရိယာများနှင့် စပ်လျဉ်းပြီး ပြောပြသည်မှာ **"မောင်ကိုကို တီးခတ်နိုင်တဲ့ တူရိယာပစ္စည်းတွေကတော့ အားလုံးနီးပါး တီးခတ်နိုင်ပါတယ်။ အဓိက ကတော့ ပတ္တလား၊ စန္ဒရား၊ အော်ဂင်၊ အကော်ဒီယံတို့အဓိက တီးခတ်ပါတယ်။ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ဟာ ဝင်းဝင်းပြဇာတ်မှာ တစ်တွဲတည်း တွဲခဲ့သလို ၁၉၆၄ခုနှစ်ကစပြီး ၁၉၈၆ခုနှစ်အထိ နှစ်စဉ် တောင်သူလယ်သမားနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ အလုပ်သမားနေ့၊ လွတ်လပ်ရေးနေ့စတဲ့ နေ့ထူးနေ့မြတ်များမှာလဲ ပြဇာတ်၊ တေးဂီတပြဇာတ်များ၊ တေးသီချင်းများ စပ်ဆိုရေးသားတီးမှုတ် သင်ကြားပြသခဲ့ပါတယ်။**

အမေရိကန်နိုင်ငံတွင် မြန်မာ့ဂီတအကြောင်း သွားရောက် သင်ကြားခဲ့စဉ်က ပတ္တလားတီးခတ်နေသော ဂီတလုလင်။

သွားရောက်ပို့ချ

အဆို၊ အက၊ အရေး၊အတီးစသော ဂီတနယ်ပယ်တွင် ဆရာတစ်ဆူအဖြစ် ဘဝကိုရပ်တည်နိုင်ခဲ့သည့် ဂီတလုလင် ဦးကိုကိုသည် ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများရှိ အနုပညာကျောင်းများတွင်လည်း မြန်မာ့ဂီတသမိုင်း၊ မြန်မာ့တေးသီချင်းများအကြောင်းကိုသွားရောက် သင်ကြား ပို့ချခဲ့ကြောင်း သိရသည်။ သွားရောက်သည့်နိုင်ငံများမှာ ကနေဒါနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ဖြစ်ကြသည်။

ဂီတလုလင်ဦးကိုကိုသည် ရုပ်ရှင် အကယ်ဒမီထူးချွန်ဆု ချီးမြှင့်ရာတွင် တေးဂီတအကောင်းဆုံး အကယ်ဒမီဆု သုံးဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းဆွတ်ခူးရရှိခဲ့သော ရုပ်ရှင်တေးဂီတအကောင်းဆုံး အကယ်ဒမီဆုများမှာ ၁၉၉၂ခုနှစ်တွင်မယ်သီတာလိုမိန်းကလေး ရုပ်ရှင်ဇာတ်ကားဖြင့် လည်းကောင်း၊ ၁၉၉၅ခုနှစ်တွင် တိုက်ပွဲခေါ်သံ ရုပ်ရှင်ဇာတ်ကားဖြင့် လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ဆန်ရေ ဇာတ်ကားဖြင့်လည်းကောင်း တေးဂီတ အကယ်ဒမီဆုများ ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။

ဂီတလုလင်ဦးကိုကို တီးခတ်ခဲ့သော ဂီတလက်သံများ၊ ရေးစပ်သီကုံးခဲ့သော တေးသီချင်းများ၊ သီဆိုတီးမှုတ်ခဲ့သော သီချင်းများ၊ ပြဇာတ်၊ ကဇာတ်နှင့် ရုပ်ရှင်နယ်ပယ်တို့မှ တိုးတက်အောင်မြင်မှုများသည် မြန်မာ့ယဉ်ကျေးမှု အနုပညာသမိုင်း စာမျက်နှာတွင် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တည်တံ့ပြန့်ပွားနေဦးမည်သာ ....

မေတ္တာပို့

ယနေ့ ဆရာတော် ဦးဝိစိတ္တရဲ့ အရပ် ၁၀မျက်နှာ မေတ္တာပို့ တေးသွားကို မောင်ကိုကို ဖန်တီးပေးသွားတာ ဖြစ်ပါတယ်။

ဒီဘက်ခေတ် ၁၉၈၉ခုနှစ်မှာ ကျွန်တော်တို့ ညီအစ်ကိုဟာ ဝဇီရာရုံမှာ ပြဇာတ်တင်ဆက်ခဲ့ပါတယ်။ ဒီဝဇီရာပြဇာတ် ဟာလဲ အအောင်မြင်ဆုံးလို့ ဆိုရမှာပါ။ တစ်လကို ၃၆ပွဲ လောက်တင်ဆက်ခဲ့ပါတယ်။ စုစုပေါင်း အဲဒီ ဝဇီရာရုံမှာ ပွဲပေါင်း ၁၀၀ခန့် ကပြခဲ့ပါတယ်။

ဒီနောက်မှာ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ဟာ၁၉၉၃ ခုနှစ်မှ စတင်တဲ့ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာလဲ အတူတူ ရှိနေခဲ့ပါတယ်။ မောင်ကိုကိုက အတီးအဖွဲ့၊ ကျွန်တော်က အရေးအဖွဲ့၊ ဦးစိန်အောင်မင်းက အက၊ အဆိုမှာ ဒေါ်တင်တင်မြတို့က အကဲဖြတ်ဒိုင် ဥက္ကဋ္ဌအဖြစ် တာဝန်တွေ ထမ်းဆောင်ခဲ့ပါတယ်"ဟု မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ဝဇီရာပြဇာတ်တွင် ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင် ဦးကိုကိုနှင့် ထပ်ဆင့်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေတို့ ဤသို့ ရွှင်ရွှင်မြူးမြူး အမှတ်တရ မြင်ကွင်းပုံရိပ်လွှာ။

အကယ်ဒမီဆုများ ဆွတ်ခူးနိုင်သည်အထိ ကျော်ကြားခဲ့သောဂီတလုလင် ဦးကိုကိုသည် ဂီတ၊ရုပ်ရှင်၊ ယဉ်ကျေးမှုနှင့် စာပေနယ်ပယ် တို့တွင်လည်း တာဝန်များ အလီလီထမ်းဆောင်ခဲ့သူဖြစ်သည်။ သူတာဝန်ယူ ထမ်းဆောင်ခဲ့သောတာဝန်များမှာ ယဉ်ကျေးမှု တက္ကသိုလ်များ ကောင်စီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ ပြဇာတ်၊ ကဇာတ်နှင့် စင်တင်မှုများ စိစစ်ရေးအဖွဲ့ဝင်၊ ရုပ်ရှင် အစည်းအရုံး နာယက၊ မြန်မာသီချင်းများ မူမှန်ပြုစုရေးနှင့် သင်္ကေတပြုစုရေးအဖွဲ့၊ ၁၈၈၅ ခုနှစ် နောက်ပိုင်းပေါ်ပေါက်ခဲ့သော မြန်မာခေတ်ပေါ်တေးသီချင်းများ ရှာဖွေစိစစ်ရေးအဖွဲ့၊ ၁၉၄၂မှ ၁၉၄၈ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သော တေးသီချင်းများ ရှာဖွေဖော်ထုတ် မှတ်တမ်းပြုစုရေးအဖွဲ့၊ မြန်မာ့ကျေးလက်ဂီတများ ဖော်ထုတ်ရေးနှင့် မှတ်တမ်းတင်ရုပ်ရှင်များ၊ သင်္ကေတပြုစုရေးလုပ်ငန်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား တေးဂီတ စိစစ်ရေးအဖွဲ့၊ နှစ်စဉ်ကျင်းပသော အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲ၏ ဥက္ကဋ္ဌစသော တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

ဂီတလုလင်ဦးကိုကို ဖြတ်သန်းခဲ့သော ဂီတ၊ ပြဇာတ်၊ ရုပ်ရှင်အနုပညာနယ်ပယ်ခရီးသည်ရှည်လျားများပြားလှပေသည်။ ထို့ကြောင့်လည်း ယမန်နှစ်က သူ မကွယ်လွန်မီလေးကပင် နိုင်ငံတော်က ဒေါက်တာဘွဲ့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဦးကိုကိုသည် အသက်ကိုးနှစ်အရွယ်မှစ၍ ဂီတနယ်ပယ်အသီးသီးကို ဖြတ်သန်းခဲ့ရာ အသက် ၈၀အရွယ် ၂၀၀၇ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း ဂီတလုလင် ဦးကိုကို တီးခတ်ခဲ့သော ဂီတလက်သံများ၊ ရေးစပ်သီကုံးခဲ့သော တေးသီချင်းများ၊ သီဆိုတီးမှုတ်ခဲ့သောသီချင်းများ၊ ပြဇာတ်၊ ကဇာတ်နှင့်ရုပ်ရှင်နယ်ပယ်တို့မှ တိုးတက်အောင်မြင်မှုများသည် မြန်မာ့ယဉ်ကျေးမှု အနုပညာ သမိုင်းစာမျက်နှာတွင် ယဉ်ကျေးမှုအမွေအနှစ် အဖြစ် တည်တံ့ပြန့်ပွားနေဦးမည်သာ ဖြစ်ပါကြောင်း လေ့လာဖော်ထုတ် မှတ်တမ်းတင် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဒေသဝမ်းစာဖူလုံရေး စိုက်ပျိုးမြေဧကများတိုးချဲ့စိုက်ပျိုး ဒေသစီးပွားရေးကောင်းမွန်ရန် နွားနောက်များ ပိုမိုမွေးမြူ

နေပြည်တော် ဇန်နဝါရီ ၂၅

ချင်းပြည်နယ် မင်းတပ်မြို့တွင် ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ၁၇ရက် နံနက်၇နာရီခွဲက မင်းတပ်မြို့ တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး တပ်နယ်တောင်ဇလပ် လက်ဖက်ခြောက်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် တောင်ပုလုပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး တောင်ပုလုပရိယတ္တိ ပဋိပတ္တိတိုက်(ခွဲ)ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသိရီအား ဖူးမြော်ကြည်ညိုကြ၍ ဗိုလ်ချုပ်ခင်ဇော်က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထောက်ပံ့

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်က နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အမှတ်(၁) လူငယ်လေ့ကျင့်ရေး သင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့အတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁)လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း၊ မင်းတပ်မြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းသူဇာအရောင်းဆိုင်နှင့် မင်းတပ်ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်ခင်ဇော်က ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။ ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့နယ် တွီဒိန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒအား ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်ခင်ဇော်က ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မင်းတပ်–မတူပီ ကားလမ်းဘေး ဝဲ/ယာရှိ စိမ်းလန်းစိုပြည်နေမှုများ၊ လက်ဖက်စိုက်ခင်းများ လမ်းပိုင်းအခြေအနေနှင့် မတူပီမြို့နယ် ဌာနပေါင်းစုံ လက်ဖက် စိုက်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

မတူပီမြို့နယ် ဌာနပေါင်းစုံ လက်ဖက်ပျိုးခင်းတွင် ဌာနဆိုင်ရာ၂၆ ခုတို့မှ မျိုးတင်း၇၀၀ဖြင့် ပျိုးပင်ပေါင်း ၆၆၇၀၀၀ကျော် ပျိုးထောင်ထားကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် မတူပီမြို့ ဝင်းသူဇာ အရောင်းဆိုင်ခွဲ၊ မြို့နယ် ပြည်သူ့ဆေးရုံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မတူပီမြို့ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် မတူပီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံရာ ဗိုလ်ချုပ်ခင်ဇော်က ချင်းပြည်နယ်တွင် မြေလွတ်မြေရိုင်းများစွာရှိကြောင်း၊ ဒေသဝမ်းစာဖူလုံစေရေးအတွက် စိုက်ပျိုးမြေဧကများတိုးချဲ့ စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဒေသစီးပွားရေးကောင်းမွန်ရန် လက်ဖက်တိုးချဲ့ စိုက်ပျိုးရမည်ဖြစ်ကြောင်းနှင့် နွားနောက်များကို ပိုမိုမွေးမြူကြရန် မှာကြားသည်။

ပိုမိုမွေးမြူ

မတူပီမြို့နယ်တွင် တောင်ယာစပါးနှင့် မိုးစပါး ၁၈၁၇၆ဧက လျာထားပြီး ၁၈၁၅၀စိုက်ပျိုးနိုင်ကာ ဆီထွက်သီးနှံ ၁၄၀၇ ဧက လျာထားပြီး ၈၈၈ ဧက စိုက်ပျိုးနိုင်ကြောင်းနှင့် နွားနောက် ၇၇၃၃ ကောင် မွေးမြူထားကြောင်း သိရသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် မတူပီ တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်နေ့တာဆွမ်းဆက်ကပ် လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ သီတင်းသုံးတော်မူကြလျက် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ထမ်းရွက်တော်မူနေကြသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ၊ အဘိဓာန်ကျမ်းပြု ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်ကြီးများ၊ အဘိဓမ္မာဝိသုဒ္ဓိမဂ်၊ ယဉ်ကျေးမှုသင်တန်းနည်းပြဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရန် သံဃာတော်တစ်ပါးလျှင် တစ်နေ့တာ(အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်) အတွက် ငွေကျပ်၂၂၀၀နှုန်းဖြင့် လှူဒါန်းပူဇော်နိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကုသိုလ်ရှင်များ လှူဒါန်းလိုပါက သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စာမေးပွဲ) ဖုန်း–၆၆၀၂၆၉နှင့် ဆွမ်းကွမ်းဌာနစု ဖုန်း–၆၆၀၉၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူး လာအိုကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဖိတ်ကြားထားသော ညီနောင်အသင်းများမှ ပုဂ္ဂိုလ်များအား ဇန်နဝါရီ၂၁ရက် မွန်းလွဲပိုင်းက လာအိုနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းဌာန ညွှန်ကြားရေးမှူးချုပ် Dr. Phouang Parisak Pravongviengkhan ခေါင်းဆောင်၍ အဖွဲ့ဝင်ငါးဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ တွေ့ဆုံပွဲတွင် နှစ်နိုင်ငံပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအကြား အဆက်အသွယ်များရရှိရေး၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ရော်ဘာနှင့်ကြက်ဆူပင် စိုက်ပျိုးလုပ်ကိုင်နေမှုအခြေအနေ၊ ဇီဝလောင်စာ ဆီထုတ်လုပ်မှု အခြေအနေများကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သိရသည်။

(က–ပ)

ဇန်နဝါရီ၂၂ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗိုလ်တထောင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကျင်းပခြင်းဖွင့်ပွဲ အခမ်းအနားကို စန္ဒကူးရနံ့ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

အကောက်ခွန်ဦးစီးဌာန စုပေါင်းသွေးလှူဒါန်းပွဲနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်–၅၀၀)၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်–၅၀၀)ရောဂါဗေဒဌာနမှ ဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဉာဏ်ထိန်လင်းနှင့် ရောဂါဗေဒပါရဂူ ဗိုလ်မှူးဒေါ်တင်တင်စန်းတို့က သွေးနှင့်ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ထို့နောက် အကောက်ခွန် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုက ငွေကျပ်တစ်သိန်း တန်ဖိုးရှိ သွေးအိတ်နှင့် သွေးပိုက်များကို လှူဒါန်းရာ အမှတ်(၂)တပ်မတော် ဆေးရုံ(ခုတင်–၅၀၀) တပ်မှူးကိုယ်စား ရောဂါဗေဒဌာန ဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဉာဏ်ထိန်လင်းက လက်ခံယူသည်။

စုပေါင်းလှူဒါန်း

ယင်းနောက် အကောက်ခွန် ဦးစီးဌာနမှ ဝန်ထမ်း၃၀တို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

26-1 (12) 1 1/26/08, 1:57 AM

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၀၈ဖြင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ **“ဒေါက်တာတင်ထွန်းဦး”**အား**“လူမှုထူးချွန်(တတိယဆင့်)”**ချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အမှုဆောင်များ
မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်။

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၀၈)ဖြင့် **စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)** ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်ခံရသော **ဦးအောင်မြင့်** ဒုတိယပါမောက္ခချုပ်၊ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် **ဒေါက်တာခင်နိုင်ဦး** ပါမောက္ခ(ဌာနမှူး) စီမံခန့်ခွဲမှုပညာဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ်အား **စီမံထူးချွန်တံဆိပ်(တတိယဆင့်)** ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် ဆရာကြီး၊ ဆရာမကြီးတို့နှင့်အတူ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

သီဟသောင်း၊ ဝင်းမင်းစိုး၊ ဒေါက်တာဥမ္မာဌွေး၊ ခင်နှင်းဌွေ၊
သီတာလွင်၊ မိုနီကျော်၊ ဒီပါစိုး၊ စိမ်းလဲ့လဲ့ထွန်း၊ ရီရီခိုင်။

မော်တော်ယာဉ် မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၅၉၀၉၊ ၄ခ/၅၄၄၂၊ ၄ခ/၂၅၈၉၊ Nissan Diesel/D/T ယာဉ်လက်ဝယ်ရှိသူ အမည် ဦးထွန်းကြည် မှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်) ၁၂၆၀၆၇မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံးခွဲ ရွှာသာကြီးရုံး
ရန်ကုန်မြို့။

ပစ္စည်းဝယ်ယူရန်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း (Ks./ F.E)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါခေါ်ရက်	တင်ဒါပိတ်ရက်
1.	Engine For Dump Truck	2Units	25-1-2008 ရက်	4-2-2008 ရက်
2.	Coal Block Making Machine	2 Nos	25-1-2008 ရက်	4-2-2008 ရက်
3.	Kiln Hanging Chain (Ordianry)	2 Items	25-1-2008 ရက်	4-2-2008 ရက်
4.	Conveyor Chain	8 Items	25-1-2008 ရက်	4-2-2008 ရက်
5.	Excavator (1.5-2.0m^3)	2 Units	25-1-2008 ရက်	4-2-2008 ရက်
6.	Excavator (0.7-1.0m^3)	1 Unit	25-1-2008 ရက်	4-2-2008 ရက်
7.	Dump Truck (5Tons)	4Units	25-1-2008 ရက်	4-2-2008 ရက်
8.	Dump Truck (15Tons)	4Units	25-1-2008 ရက်	4-2-2008 ရက်
9.	Wheel Loader (2-3m^3)	2Units	25-1-2008 ရက်	4-2-2008 ရက်

အမှတ် (၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ရောင်းဝယ်ရေးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံတရားဝင်ဝယ်သူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန်တယ်လီဖုန်းအမှတ် ဝ၆၇–၄ဝ၈၂၉၈)၊
မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

တရုတ်ပြက္ခဒိန်ဖြင့်တွက်ချက်ထားသော ဟောကိန်းစာအုပ်
နှစ်သစ်ကူးအမီထွက်ရှိလာပါပြီ။

စံ–ဓာတ်ဘိ

၂၀၀၈–၀၉ ကြွက်နှစ် ထွက်ပြီ

တရုတ် (၁၂)ကောင်ဟောကိန်း

ပင်ရင်းဖြန့်ချိရေး
အမှတ်–(၁၄၀)၊ လမ်း–၄၀(အောက်)၊ ရန်ကုန်မြို့။
☎- ၀၁-၃၇၇၁၇၇၊ ၇၀၉၀၃၂

မန္တလေးဖြန့်ချိရေး
အမှတ်–၂၂၁၊၈၄–လမ်းနှင့်၃၃ လမ်းထောင့်၊ မန္တလေးမြို့။
☎- ၀၂-၃၉၇၁၇၊ ၆၀၁၃၆

စာမူခွင့်ပြုချက်-၄၀၁၃၆၆၁၂၀၇

မြို့ရွာတစ်ခွင် သာစေချင်၊ မီးတွင် မပေါ့နှင့်။

အမွေပြတ် စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီး မရီရီဝင်း (ခ)ရီရီခိုင်သည် မိဘ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်မယူပါ။

ဖခင် ဦးဝင်းသိန်း
၇/ကဝန(ဧည့်) ၀၀၀၀၀၈
မိခင် ဒေါ်ရွှ
၇/သနပ(နိုင်)၀၆၄၄၃၅။

● **ကျော့ဖုံးမှ**

ပေးအပ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သောင်းအေးက ဆီထွက်သီးနှံ နေကြာရှစ်တင်းကို တောင်သူဦးတိလောကထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဒေသခံတောင်သူလယ်သမားများအားတွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာများကို မှာကြားကာ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းတွင် မြစ်ရေတင်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လင်းခေးမြို့နယ် နွယ်ဝတီခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များအားတွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မြို့နယ်ဥက္ကဋ္ဌထံ ရုပ်မြင်သံကြားစက်ကို ပေးအပ်သည်။

ထောက်ပံ့

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံများကိုလည်းကောင်း၊ ပြည်နယ်အသင်းအတွင်းရေးမှူး ဦးဉာဏ်လင်းက လင်းခေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် သုတရသစာအုပ်များကို လည်းကောင်း ထောက်ပံ့ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု ပြောင်းလဲလာသည့် အခြေအနေမှန်ကို ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် လေ့လာသုံးသပ်သိရှိကြစေလိုကြောင်း၊ ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အထူးကြိုးပမ်း လုပ်ဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကိုလည်း ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများမှ သိရှိနားလည်အောင် အသိပေး ပြောကြားကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၁–၂၀၀၈(စနေနေ့)

AM & PM

အချိန်	အစီအစဉ်	အချိန်	အစီအစဉ်
၇း၀၀ – ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်	၁၀း၃၀ – ၄း၃၀	Yangon Panorama (T Home Brand Launching Dinner
၇း၀၅ – ၁း၀၅	**‘သေရဦးမယ်သတိထား’** တရားတော် (ဆရာတော် အရှင်အာစာရာလင်္ကာရ)	၁၀း၄၅ – ၄း၄၅	တေးဂီတအစီအစဉ်
၇း၅၀ – ၁း၅၀	နယ်စပ်ဒေသဖွံ့ဖြိုးဝေစည် နတလဒီဂရီကောလိပ်မှသည်	၁၀း၅၀ – ၄း၅၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
၈း၁၅ – ၂း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း	၁၁း၀၀ – ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅ – ၂း၄၅	အဝိဇ္ဇာမှဝိဇ္ဇာသို့ သဘာဝတရားရိပ်သာ	၁၁း၁၀ – ၅း၁၀	သက်တော်ရှည် ရာဇဂြိုဟ်ဆရာတော်ကြီး၏သက်တော် (၁၀၃)နှစ်ပြည့် ရာကျော်ပူဇော်ပွဲအခမ်းအနား
၉း၀၀ – ၃း၀၀	တေးဂီတအစီအစဉ်	၁၁း၂၅ – ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၅ – ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း	၁၁း၃၀ – ၅း၃၀	တေးဂီတအစီအစဉ်
၉း၁၅ – ၃း၁၅	Cartoon Show Time (Ice Age)	၁၁း၃၅ – ၅း၃၅	ကုန်ထုတ်အစွမ်းနှင့်ပန်း
၉း၄၅ – ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း	၁၁း၅၅– ၅း၅၅	Activities in the City
၉း၅၀ – ၃း၅၀	တေးဂီတအစီအစဉ်	၁၂း၀၅ – ၆း၀၅	တေးဂီတအစီအစဉ်
၉း၅၅ – ၃း၅၅	နှစ်စဉ်မပျက်ဆင်ကာနွဲ့ မော်ကျွန်းမြို့ရဲ့ စာတော်ပြန်ပွဲ	၁၂း၁၀– ၆း၁၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၂၅ – ၄း၂၅	မိုးလေဝသခန့်မှန်းချက်	၁၂း၂၅ – ၆း၂၅	သဘာဝအစားအစာများ ‘ရှားစောင်းလက်ပပ်ယိုနှင့် ဖျော်ရည်’
		၁၂း၅၅ – ၆း၅၅	တေးဂီတအစီအစဉ်
		၁း၀၀ – ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Mansfield Town-Middlesbrough	Star Sport(Live)
၉း၂၅	Liverpool-Havant & Waterlooville	ESPN(Live)
	Arsenal-Newscastle	Star Sport(Live)
၁၁း၄၀	Wigan-Chelsea	Star Sport(Live)

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Aston Villa-Blackburn	ESPN(SDD)

Africa Cup of Nations(2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Cameroon-Zambia	Euro Sport(Live)
၂း၀၀	Egypt-Sudan	Euro Sport(Live)

Series - A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Roma-Palermo	5-Cartoons(Live)

မော်ဘီမြို့နယ်ရှိ စာရေးဆရာမင်းသိမ်၏ အယူတော်မင်္ဂလာခြံအတွင်း၌ ခိုက်ရန်ဖြစ်ပွားပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း မော်ဘီမြို့နယ် ပေါ်တော်မူဘုရားလမ်းရှိ စာရေးဆရာမင်းသိမ်၏ အယူတော်မင်္ဂလာခြံအတွင်း၌ ဇန်နဝါရီ ၁၉ရက်က ခိုက်ရန်ဖြစ်ပွားမှုတစ်ခုဖြစ်ပွားခဲ့သဖြင့် မော်ဘီမြို့နယ်ရဲစခန်းက ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပေါက်ပြဒဏ်ရာရ

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၁၉ရက် နံနက် ၁၀နာရီကျော်ခန့်တွင် အာကာဦးဆိုသူသည် လိုက်အေ့စ်အဖြူရောင် ယာဉ်အမှတ် ၃က/၉၉၉ ဖြင့် အဆိုပါ အယူတော်မင်္ဂလာခြံအတွင်းသို့ ရောက်ရှိလာကြောင်း၊ အာကာဦးသည် ဗေဒင်ဟောစာတမ်းရယူရန် ယင်းခြံသို့ လာရောက်ခြင်းဖြစ်ပြီး ဘုရားခန်းအတွင်း ဖိနပ်စီးဝင်သည့်ကိစ္စ၊ ဟောစာတမ်းကို မွန်းလွဲပိုင်းတွင်မှ ထုတ်ယူရရှိနိုင်မည့်ကိစ္စတို့နှင့်ပတ်သက်၍ ဗေဒင်ဟောစာတမ်းထုတ်ပေးသူ ဝေဖြိုးအောင်နှင့် အပြန်အလှန်စကားများခဲ့ကြကြောင်း၊ ထို့နောက် ခြံအတွင်းရှိလူများက အာကာဦး၏ကားကို ဝိုင်းဝန်းတွန်းထိုးပြီး ခဲများဖြင့်ပစ်ပေါက်ခဲ့သဖြင့် ကား၏ ဝဲဘက်တံခါးမှန်ကွဲသွားခဲ့ကြောင်း၊ အာကာဦးက ကားချိုင့်ထောက်ရာတွင် အသုံးပြုသည့် သုံးပေခန့် သံချောင်းလုံးဖြင့် ရိုက်ခဲ့သဖြင့် ယင်းခြံအတွင်းမှ ဗေဒင်သင်တန်းသား ကျော်သူ(၂၇)နှစ်၏ ဦးခေါင်းတွင် ပေါက်ပြဒဏ်ရာ ရရှိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မော်ဘီရဲစခန်းတွင် အပြန်အလှန် အမှုဖွင့်ထားကြောင်း၊ အာကာဦးနှင့်အတူ ၎င်း၏မိခင်၊ အဒေါ်နှင့် ဇနီးတို့လည်း ကားပေါ်တွင် လိုက်ပါခဲ့ကြကြောင်း သိရှိရသည်။

အယောင်ဆောင်

ထို့အပြင် အာကာဦး၏ အမည်မှန်မှာ ထက်ဝေယံထွန်း(၂၅)နှစ်ဆိုသူဖြစ်ကြောင်း၊ ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် စစ်တောင်းရိပ်မွန် (၉၄)ရပ်ကွက် နှင်းဆီလမ်း တိုက်(၂၄)တွင် နေထိုင်ကြောင်း၊ ကားပေါ်တွင် တပ်မတော်မှ ဗိုလ်မှူးကြီးအဆင့် အဆောင်အယောင် ဦးထုပ်တစ်လုံးကို မသက်ဆိုင်ဘဲ တင်ဆောင်ကာ လိမ်လည်အယောင်ဆောင်ခဲ့သူတစ်ဦးဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်ဟု သိရှိရသည်။

သို့ဖြစ်၍ အဆိုပါပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ တရားစွဲဆိုပြီး အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆–၁–၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

အချိန်	စဉ်	အစီအစဉ်
၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၆။	အတီးပြိုင်ပွဲ
၈း၀၅	၇။	တေးဂီတအစီအစဉ်
၈း၁၅	၈။	အကပြိုင်ပွဲ
၈း၂၀	၉။	ဘိုင်းဒါးရေလှောင်တမံ
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Grammar made Easy

နေ့လယ်ပိုင်း

အချိန်	စဉ်	အစီအစဉ်
၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၀	၅။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃း၀၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **စစ်သူကြီးဆွန်ကြီး**(အပိုင်း–၆)
၁၃း၄၅	၇။	ယဉ်ကျေးမှုအမွေ သမိုင်းသက်သေ
၁၄း၀၀	၈။	**လောကနီတိ(၄) “လုပခြင်း၏ အဓိပ္ပာယ်”** အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော် (ဒါရိုက်တာ–ဦးခင်ဇော်)
၁၄း၃၀	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၄၅	၁၀။	International News

ညပိုင်း

အချိန်	စဉ်	အစီအစဉ်
၁၆း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၁၆း၄၅	၄။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၇း၀၀	၅။	မြန်မာ့ခလေ့ရိုးရာလက်ဇာ့
၁၇း၁၅	၆။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၇း၃၅	၇။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	အလှရှာမယ်၊ လှကမ္ဘာဝယ်
၁၉း၀၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း–၇)
၂၀း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချိုမြိန်သောအချစ်နေ့** (အပိုင်း–၁၅)

ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

STI Education ၏ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း အမှတ်စဉ်(၉)၏ ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကို ဇန်နဝါရီ ၂၆ရက် မွန်းတည့်၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပမှ ဝါရင့် ဆရာ၊ ဆရာမကြီးများက စီမံခန့်ခွဲရေးဘာသာရပ်၊ လူ့အရင်းအမြစ်စီမံခန့်ခွဲမှု၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ဝန်ဆောင်မှုနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာတို့ကို ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

STI Education ၏ နှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အသေးစားနှင့် အလယ်အလတ်စားလုပ်ငန်းများအပေါ် စီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်ရာ ပါမောက္ခ Mr.Leslie Cohenနှင့် ပါမောက္ခများ၊ လုပ်ငန်းရှင်များက ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

ထို့အပြင် STI Education နှစ်ပတ်လည်အခမ်းအနားနှင့် အောင်လက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်တွင်လည်းကောင်း၊ အင်္ဂလိပ်ဘာသာ ဆရာဖြစ် ဒီပလိုမာသင်တန်းများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၁၇ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

စိတ်ဝင်စားသူများသည် သင်တန်းတည်ရှိရာ အမှတ်(၃၇၇) ရွှေဘုံသာ အထက်လမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း– ၀၁–၂၅၀၀၅၆ နှင့် ၇၀၀၂၇၃ တို့သို့လည်းကောင်း၊ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာအင်ဖိုတက် အဆောင်၄၊ အခန်း ၇၊ ဖုန်း–၀၁–၅၀၇၀၄၆ မှ ၄၈ နှင့် ၅၀၇၁၅၁ မှ ၅၂တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည် ရွှေဆံတော်စေတီတော် အနောက်ဘက်စောင်းတန်း ပြန်လည် ပြုပြင်မွမ်းမံရန် အလှူငွေများပေးအပ်

ပြည် ဇန်နဝါရီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ သမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီ အနောက်ဘက်စောင်းတန်းတော် ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ၇ရက် နံနက်၉နာရီက ရွှေဆံတော်ရင်ပြင်တော်ရှိ ဂေါပကအဖွဲ့ရုံးတွင် ကျင်းပရာ ပြည်မြို့ ဗိုလ်ချုပ်လမ်းနေ ဦးမြင့်–ဒေါ်လှမြင့်(ကရဝိက်သင်္ကန်းတိုက်) မိသားစုက အလှူငွေကျပ် ၂၉သိန်းကို ပေးအပ်လှူဒါန်းရာ အလှည့်ကျ ဂေါပကအဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။**(အောက်ပုံ)**

ရွှေဆံတော်စေတီ အနောက်ဘက်စောင်းတန်းတော်၏ တိုင်လုံးများနှင့် စောင်းတန်းလှေကားထစ်များမှာ နှစ်ပေါင်း ၅၀ကျော် ကြာမြင့်ပြီး ပျက်စီး ယိုယွင်းလာသည်ဖြစ်သည့်အတွက် ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူပြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၄ရက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်လှူဒါန်း

အနောက်ဘက်စောင်းတန်းတော်ကြီး ပြန်လည်မွမ်းမံခြင်းအတွက် သိန်းပေါင်းများစွာ ကုန်ကျမည်ဖြစ်၍ ရပ်ဝေး၊ ရပ်နီး အလှူရှင်များအနေဖြင့် ဂေါပကအဖွဲ့ရုံး ပြည်မြို့ ဖုန်း–၀၅၃–၂၅၀၃၅၊ ၀၅၃–၂၅၁၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၅၇)**

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက ဝယ်ယူရရှိပြီးသောမြေ၌ သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဒေါ်သန်းစိန်အားရည်စူး၍ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် မီးဒုံးလမ်းသွယ်၃ တိုက်၁၃၃ အခန်း၅နေ ဦးကုလားလေးနှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်(ဆိပ်ဖြူ) အရှင်ကုမာရ(M.A)မဟာဓမ္မာစရိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိုင်းဆတ်တွင် ဟောပြော

မိုင်းဆတ် ဇန်နဝါရီ ၇

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇန်နဝါရီ ၁ရက် နံနက်၁၁နာရီက မိုင်းဆတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးအုန်းထွန်းက လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများ ဟောပြောရာ အလယ်တန်းကျောင်းသား ကျောင်းသူ ၁၈၉ဦး တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး မိုင်းဖြတ်မြို့၌ ဆက်လက်စည်းရုံးဆောင်ရွက်

မိုင်းဖြတ် ဇန်နဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးစိုးတို့သည် ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီခွဲက မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

အစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်၊ ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးနှင့် ဝန်ထမ်းများအား ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဆက်လက် စည်းရုံးဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူးတို့သည် ဟိုနားကျေးရွာ နေခြည်ဦး စာကြည့်တိုက်၊ ပါပူးကျေးရွာ ပါရမီစာကြည့်တိုက်၊ ယန်းခမ်းကျေးရွာ စာပေဗိမာန် စာကြည့်တိုက်နှင့် ဝမ်နောင်ကျေးရွာ သုတကန်သာ စာကြည့်တိုက်တို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာအုပ်စာစောင်နှင့် စာကြည့်တိုက်အသင်းဝင်များ တိုးပွားရေး၊ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ဖားကန့် ဇန်နဝါရီ ၅

ဖားကန့်မြို့၌ ပန်းအလှပင်များ ပေါင်းသင်မြက်နုတ်

ဖားကန့်မြို့ဝင် ဆိုင်းဘုတ်အနီး သာယာလှပမှုရှိစေရေးအတွက် ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၈ရက်က လက်ထောက်အင်ဂျင်နီယာ ဦးဇင်မင်းထွန်း ဦးဆောင်သောဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်အနီး စိုက်ပျိုးထားသော ပန်းအလှပင်များ ပေါင်းသင်မြက်နုတ်ခြင်းနှင့် မြက်ဖြတ်၍ ပုံဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမြင့်အောင်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ကဗျာ၊ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲကျင်းပရေး ဆွေးနွေး

မြစ်သား ဇန်နဝါရီ ၈

ကျောက်ဆည်ခရိုင် မြစ်သား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ မြစ်သားမြို့နယ်အတွင်း စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီ၊ ဦးဝင်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်၍ စာပေဟောပြောပွဲ ကျင်းပနိုင်ရေး၊ စာဆိုတော်နေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ကဗျာနှင့်ဆောင်းပါးပြိုင်ပွဲများ ကျင်းပနိုင်ရေး စာဆိုဂုဏ်ရည်ခေါင်းစဉ်ဖြင့် စာစီစာကုံး ပြိုင်ပွဲများ ကျင်းပနိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင် မြို့ထွက် ဆိုင်းဘုတ်နှင့် မြေယာရှုခင်း ဆောင်ရွက်ထားမှုကို ကွင်းဆင်းကြည့်ရှုစဉ်။

(ပြည်နယ်စည်ပင်)

ရောဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မွေးစမှခြောက်လပြိုင်ပွဲတွင် ဆုရကလေးငယ်များနှင့် သားကောင်းမိခင်များအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မင်းတပ် လေးကောင်းကျေးရွာသို့ ရုပ်မြင်သံကြား၊ဒီဗွီဒီနှင့် မီးစက်လှူဒါန်း

မင်းတပ် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် ၉၃ရပ်ကွက် အောင်သုခပရိယတ္တိ စာသင်တိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒာစာရ ဦးဆောင်သော ဒါယကာ၊ ဒါယိကာမများက မင်းတပ်မြို့နယ် လေးကောင်းကျေးရွာအတွက် ရုပ်မြင်သံကြားပြစက်၊ ဒီဗွီဒီ၊ မီးစက်နှင့်စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၆ရက် မွန်းတည့် ၁၂နာရီက အဆိုပါကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၌ ကျင်းပသည်။

ရှင်းလင်းမိန့်ကြား

အခမ်းအနားတွင် မင်းတပ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဇဟိုကျောင်း ဆရာတော် ဦးသောဘန ထံမှ ဩဝါဒ၊ ပရိတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒာစာရက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်း မိန့်ကြားသည်။

လှူဒါန်း

ထို့နောက် အလှူရှင်များက ရောင်စုံ ရုပ်မြင်သံကြားပြစက်၂၁လက်မတစ်လုံး၊ ဒီဗွီဒီစက်တစ်လုံး၊ မီးစက်တစ်လုံး၊ ဂျာနယ်မျိုးစုံ၃၄၆စောင်၊ ဗလာစာအုပ် ဒါဇင် ၅၀နှင့် အဝတ်အထည် အစုံ ၂၅၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၈၆၅၀၀ကို လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စိုက်ပျိုးရေးထူးချွန်သူများ ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော်တပ်ကုန်း ဇန်နဝါရီ ၈

၂၀၀၇ခုနှစ် ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုအခမ်းအနားကို နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ၃၁ရက် ညနေ၆နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်က အမှာစကားပြောကြားပြီး ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ ကြက်ဆူစိုက်ပျိုးမှု ပထမဆုရအောင်ဇေယျရပ်ကွက်၊ ဒုတိယဆုရ မြဝတီရပ်ကွက်နှင့် တတိယဆုရ ဘုရင့်နောင်ရပ်ကွက်တို့ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဌာနဆိုင်ရာအလိုက်ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုဆုပေးပွဲ ဆက်လက်ကျင်းပရာ ပထမဆုရ မိုက်ခရိုဝေ့၊ ဒုတိယဆုရ ကုန်သွယ်လယ်ယာနှင့်တတိယဆုရ မြန်မာ့ကြံလုပ်ငန်းတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၈ခုနှစ် ဇန်နဝါရီ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သြစတြေးလျနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာကယ်ဗင်မိုက်ကယ်လ်ရာ့ဒ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လင်းခေးမြို့နယ် ဒါးဆိပ်မြစ်ရေတင်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၁ရက် နံနက်ပိုင်းတွင် မိုင်းပန်-လင်းခေးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာကြပြီး နယ်မြေခံတပ်နယ် ကျော်ထင်နော်ရထာခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အရာရှိ၊ စစ်သည်မိသားစုဝင်များအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားကာ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

မှာကြား

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မိုင်းပန်မြို့နယ် နယ်မြေခံတပ်နယ် ရွှေသံလွင်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နယ်မြေခံတပ်ရင်းရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးမြေပဲ ၁၅တင်းကို တောင်သူဦးသန်းဦးထံ ပေးအပ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဇန်နဝါရီ ၂၅

ယနေ့နံနက်မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

သတင်းနှင့် ဆောင်းပါးအညွှန်း

❐ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ကျော်ထုတ်လုပ်ပေးမည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တောင်ကိုရီးယား၌ ဖွင့်လှစ် — စာ - ၄

❐ အတိတ်မှ အရိပ်မည်း လိုက်လေသောအခါ — နိုင်ငံတကာမှုခင်း စာ - ၆

❐ ဘောဇနီးယား ဟာဇီဂိုဗီးနားနိုင်ငံ — တိုး၏ သတင်းအက်ဆေး စာ -၇

❐ မြန်မာ့ဂီတ သမိုင်းစာမျက်နှာများတွင် အောင်မြင်ကျော်ကြားခဲ့သော ဂီတလုလင် ဦးကိုကို၏ ဘဝတစ်ကွေ့မှ ပုံရိပ်များ။ — မြင့်မောင်စိုး၏ ပြန်လည်ဆန်းသစ် မေးမြန်းခြင်း စာ -၁၁